# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့။ | Friday, 12 January 2018 | ၉၁၆၇


## ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ပြဟ္မာကြီးများကဲ့သို့ ပီတိဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)

## မြန်မာ့တိုင်းရင်းဆေးပညာ တိမ်မြုပ်ပျောက်ကွယ်မသွားစေရန် အသိပညာများ ဆွေးနွေးဖလှယ်

**နိုင်ငံတော်သမ္မတ ဦးထင်ကျော် (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နီးနှောဖလှယ်ပွဲသို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာ**

**၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်**

မြန်မာ့တိုင်းရင်းဆေးသမားတော်များ တစ်နှစ်တစ်ကြိမ် ချစ်ကြည်ရင်းနှီးစွာ ဆုံတွေ့ကြတဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲ မင်္ဂလာအခါသမယမှာ မြန်မာပြည်သူပြည်သားတိုင်း ကျန်းမာကြံ့ခိုင်ရေးဆိုတဲ့ လူမှုသုခကို မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ဖြည့်ဆည်းပေးစွမ်းနိုင်ရေးအတွက် ဆွေးနွေးဖလှယ်ညှိနှိုင်းတိုင်ပင်ကြမယ့် မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံး နှလုံးစိတ်ဝမ်း ကြည်သာချမ်းမြေ့ရှိကြပါစေကြောင်း လှိုက်လှဲစွာ မေတ္တာပို့သအပ်ပါတယ်။

**အစဉ်အလာမပျက် ကျင်းပ**

မြန်မာ့တိုင်းရင်းဆေးပညာနဲ့ တိုင်းရင်းဆေးဝါးများ အဆင့်အတန်း မြင့်မားတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့ရဲ့ ကျင့်ဝတ်သိက္ခာ မြင့်မားရေးနဲ့ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများရဲ့ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေးဟူသော မွန်မြတ်တဲ့ ဦးတည်မျှော်မှန်းချက်များနဲ့အညီ ခရစ်သက္ကရာဇ်(၂၀၀၀) ပြည့်နှစ်မှစပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို နှစ်စဉ် အစဉ်အလာမပျက် အောင်မြင်စွာ ကျင်းပလာခဲ့ရာမှာ ဒီနှစ်မှာ တစ်ဆယ့်ရှစ်ကြိမ်သို့တိုင် ခရီးဆက်နိုင်ခဲ့ကြပြီးဖြစ်လို့ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူဖွယ်အတိ ဖြစ်ပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**

## လာအိုနိုင်ငံဝန်ကြီးချုပ်နှင့်ဇနီး မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်မည်

**နေပြည်တော် ဇန်နဝါရီ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့် ဇနီး မစ္စစ်နယ်လီဆီဆုလစ်တို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ မကြာမီကာလတွင် တရားဝင် ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ **သတင်းစဉ်**

ပျောက်ဆုံးနေသော မလေးရှားလေယာဉ်ကို ရှာဖွေပေးရန် အမေရိကန်ကုမ္ပဏီတစ်ခုနှင့် သဘောတူညီချက် ရရှိ

စာမျက်နှာ » ၄

ရခိုင်ပြည်နယ်တွင် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ၆၆ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်သွားမည်

စာမျက်နှာ » ၉

UEHRD ဦးဆောင်၍ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ

စာမျက်နှာ » ၁၁



## ဒုတိယသမ္မတ ဦးမြင့်ဆွေ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဇန်နဝါရီ ၁၀ ရက်တွင်ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ ကမ္ဘောဒီးယားနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Sun Chanthol နှင့် တာဝန်ရှိသူများက ဖနောင်ပင်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၃ နာရီတွင် နေပြည်တော်သို့ ရောက်ရှိကြရာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်၊ ဦးကျော်မျိုး၊ ဦးဝင်းမော်ထွန်းနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (Mekong - Lancang Cooperation - MLC)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး မဲခေါင်ဒေသတွင်း နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ **စာမျက်နှာ ၃ ကော်လံ ၅ သို့ ☆**




## ကြေးမုံ

# ငြိမ်းချမ်းသာယာခြင်း ဖွံ့ဖြိုးမှုဆောင်ကြဉ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် သာယာလှပသည့် သဘာဝခရီးသွား အရင်းအမြစ်များ ပေါများကြွယ်ဝပါသည်။ ယင်းတို့တွင် မြန်မာနိုင်ငံ၏ တောင်ဘက်ပိုင်းမှ မြိတ်ကျွန်းစုကဲ့သို့ သဘာဝအလှအပများနှင့် မြောက်ဘက်ပိုင်းမှ ခါကာဘိုရာဇီတောင်ကဲ့သို့ ခရီးသွားဒေသများမှာ ပြည်တွင်းသာမက နိုင်ငံတကာမှ ခရီးသွားဧည့်သည်များအတွက် စွဲမက်စရာဒေသများ ဖြစ်ပါသည်။

မြန်မာပြည်မြောက်ဖျားရှိ ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းမှ မြန်မာနိုင်ငံ၏အမြင့်ဆုံးတောင် ခါကာဘိုရာဇီ ရေခဲတောင်နှင့် အခြား ရေခဲတောင်များ၊ အရပ်ဒေသများမှာ ကမ္ဘာလှည့်ခရီးသွားများ အနှစ်ခြိုက်ဆုံးဒေသများဖြစ်၍ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့နေမည်ဆိုလျှင် အဆိုပါဒေသ၏ ခရီးသွားလုပ်ငန်းမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာပြီး နိုင်ငံ့ဝင်ငွေလည်း တိုးတက်ရရှိလာနိုင်ပါသည်။

သာဓကအားဖြင့် ကချင်ပြည်နယ်မှ ရေခဲတောင်များနှင့် တစ်ကြောတည်းရှိသည့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် လီကျန့်ဒေသရှိ ကျောက်စိမ်းနဂါးရေခဲတောင်သည် ခါကာဘိုရာဇီတောင်ထက်နိမ့်ပြီး အလှအပတွင်လည်း ခါကာဘိုရာဇီ၊ ဂန်လန်ရာဇီတို့ကို မမီချေ။ သို့သော် အဆိုပါအရပ်ဒေသများမှာ ငြိမ်းချမ်းသာယာနေသည်။ လမ်းပန်းဆက်သွယ်ရေး ချောမွေ့ဖြောင့်ဖြူးကောင်းမွန်နေသည်။ နေ့စဉ် ခရီးသွားဧည့်သည်များ စီတန်းရောက်ရှိနေကြသည်။ တောင်ခြေသို့ ယာဉ်ဖြင့် တစ်တန်၊ တောင်လယ်သို့ ကေဘယ်ကားဖြင့် တစ်ဖုံ၊ စွန့်စားတက်လိုသူများအတွက် ခြေကျင်တစ်သွယ် စခန်းအဆင့်ဆင့်ဖန်တီးပေးထားသဖြင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးနေပြီး နေ့စဉ်ဝင်ငွေအမြောက်အမြားရရှိနေသည်။

မြန်မာနိုင်ငံ မြောက်ပိုင်းရှိ သဘာဝအလှအပများမှာ ၎င်းတို့ထက်များစွာသာလွန်သော်လည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအခြေအနေ မှေးမှိန်နေသည်။ အကြောင်းမှာ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ခြင်းမရှိသောကြောင့်ဖြစ်သည်။ နောက်တစ်ကြောင်းမှာ ငြိမ်းချမ်းသာယာခြင်း မရှိသောကြောင့်ဖြစ်သည်။ ဤသို့ဖြစ်ခဲ့သည်မှာ အချိန်ကာလများစွာကြာမြင့်ခဲ့ပါသည်။ ပြည်နယ်အတွက်သာမက မြန်မာနိုင်ငံအတွက်ပါ အခွင့်အလမ်းများ များစွာဆုံးရှုံးနေရသည်။

ငြိမ်းချမ်းခြင်းကို ဦးစွာတည်ဆောက်မှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများ ရောက်ရှိလာမည်။ သို့သော် ကချင်ပြည်နယ်အတွင်း ယနေ့ထက်တိုင် မငြိမ်းချမ်းသေးပါ။ မြန်မာနိုင်ငံသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသို့ ဦးတည်လျှောက်လှမ်းနေသဖြင့် မိမိဒေသ၏ အခွင့်အလမ်း များကို မိမိတို့ကိုယ်တိုင် ခံစားခွင့်ရှိပါသည်။ ညှိညှိနှိုင်းနှိုင်းနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်ရန် အရေးကြီးပါသည်။ အမြင်မတူကွဲပြားခြားနားသော စိတ်ဓာတ်များဖြင့် အတ္တကိုရှေ့တန်းတင်နေမည်ဆိုလျှင် ဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းဝေးနေဦးမည်။ နိုင်ငံတော်၊ ပြည်နယ်နှင့်တိုင်းရင်းသား ပြည်သူများအတွက် အခွင့်အလမ်းကောင်းများလက်လွတ်နေမည်။

ဥပမာအားဖြင့် မငြိမ်းချမ်းသောကြောင့် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးကို ဖြောင့်တန်းအောင် မဆောင်ရွက်နိုင်ခဲ့ချေ။ မိုးတွင်းကာလတွင် မြစ်ကြီးနားမှ ပူတာအိုသို့ ၂၁၈ မိုင်ခရီးကို ရွံ့ဗွက်လမ်းများဖြင့် သွားလာ၍ မရလောက်အောင် ခက်ခဲသည်ကို မြင်တွေ့ဖူးပေလိမ့်မည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ပူတာအိုမှ စားနပ်ရိက္ခာဈေးနှုန်းသည် မြစ်ကြီးနားထက် နှစ်ဆဈေးကြီးသည်။ ပူတာအိုမှ ခြေကျင်ခရီးသာသွားနိုင်သော၊ သဘာဝအလှအပများပေါများသော နောင်မွန်း၊ ပန်နန်းဒင်တို့ဆိုလျှင် မည်မျှဈေးနှုန်းကြီးမြင့်မည်ကို ခန့်မှန်းနိုင်သည်။ ထိုအခါ ခရီးသွားဧည့်သည်များမပါ ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံဝန်ထမ်းများ မည်သို့ ရပ်တည်နေထိုင်နိုင်ပါမည်နည်း။

ယခုအရပ်သားအစိုးရလက်ထက်တွင် ယင်းအခြေအနေကို ပြောင်းလဲနိုင်ခဲ့သည်။ မိုးတွင်းကာလ မြစ်ကြီးနား-ပူတာအို သုံးညအိပ်ခရီးကို ယနေ့နေ့ချင်းပြန်သွားလာနိုင်ပြီ။ ပူတာအိုမှ နောင်မွန်းခရီးကို ယခင်ကလားဖြင့် လေးညအိပ်သွားလာရာမှ ယခု မော်တော်ယာဉ်ဖြင့် လေးနာရီ ခရီးသွားလာနိုင်ပြီ။ မြစ်ကြီးနား-ပူတာအို-နောင်မွန်း ကုန်ဈေးနှုန်းမှာ ကွာခြားမှုလျော့ကျသွားသည်။

ဤသည်မှာ ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်တစ်ခု ဖြစ်သည်။ ကချင်ပြည်နယ်တစ်ခုလုံး ငြိမ်းချမ်းပါက ဆိုဖွယ်ရာမရှိတော့ချေ။ ॥

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဘာသာရပ်သင်ရိုးညွှန်းတမ်း ကော်မတီဝင်များ သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့များ တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဘာသာရပ် သင်ရိုးညွှန်းတမ်း ကော်မတီဝင်များ၊ သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအဖွဲ့များ တွေ့ဆုံပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည်။



တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယခုပညာသင်နှစ် ၂၀၁၇-၂၀၁၈ တွင် (၆)နှစ်အရွယ်ကလေးများ Grade-1 သင်ရိုးသစ်တွင် ကျောင်းအပ်လက်ခံခဲ့ပါကြောင်း၊ ယခုနှစ် Grade-1 ကျောင်းသား ကျောင်းသူ ကလေးငယ်များ အားလုံးသည် ၂၀၁၈-၂၀၁၉ တွင် Grade-2 သင်ရိုးသစ်ဖြင့် သင်ယူရမည် ဖြစ်ကြောင်း၊ ကျန်အတန်းအားလုံး၏ ကျောင်းသုံးဖတ်စာအုပ်များနှင့် ဆရာ ဆရာမလက်စွဲ သင်ရိုးညွှန်းတမ်းများ အားလုံးကို ၂၀၂၂-၂၀၂၃ တွင် အပြီးရေးဆွဲမည် ဖြစ်ကြောင်း၊ ထို့ပြင် ၁၁ တန်း ပညာရေးမှ KG+ ၁၂ ပညာရေးကို ပြောင်းလဲရာတွင် လက်ရှိ ၂ တန်းတိုးလာသော ကျောင်းသားအရေအတွက်နှင့် ကိုက်ညီသော ဆရာ ဆရာမ တိုးမြှင့်ခန့်ထားပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကျောင်းထွက်နှုန်း မြင့်မားခြင်းကြောင့် ကျောင်းသား ကျောင်းသူများ အနေဖြင့် သင်ယူမှုအခွင့်အလမ်း ပိုမိုရရှိစေရေး စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

သို့ဖြစ်၍ သတ်မှတ်ချက်နှင့် ကိုက်ညီပြီး သွားလာရေး ခက်ခဲသော နေရာများတွင် ကျောင်းအဆင့်တိုးခြင်းများကို တိုးမြှင့်ဆောင်ရွက်ပေးခဲ့ရာ သင်ရိုးညွှန်းတမ်း ပြုစုရေးဆွဲသူများ အနေဖြင့် ကျောင်းသုံးဖတ်စာအုပ်များကို ရေးဆွဲရာတွင် မြေပြင်ပေါ်တွင် ကြုံတွေ့နေရသည့် ဆရာ၊ စာသင်ခန်း၊ စာသင်ချိန်စသည်တို့နှင့် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် အခြေခံပညာကဏ္ဍ မူလတန်းပညာရေးသည် အရေးအကြီးဆုံး ဖြစ်ကြောင်း၊ Grade1, Grade2, Grade3 ကျောင်းသား ကျောင်းသူအားလုံးကို ဆရာ ဆရာမများက စာဖတ်နိုင်ရန်၊ စာရေးနိုင်ရန်၊ အခြေခံသင်္ချာတွက်နိုင်ရန် သင်ကြားသင်ယူလေ့ကျင့်ပေးပါက တစ်သက်လုံးအတွက် စာရေးနိုင်၊ စာဖတ်နိုင်၊ တွက်ချက်နိုင်မည် ဖြစ်ကြောင်းနှင့် အရည်အသွေးကောင်းသော သင်ရိုးညွှန်းတမ်းများ ရေးဆွဲရန် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့နောက် ပညာရေးသုတေသန စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက အမျိုးသားပညာ မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှု အစီအစဉ် တင်ပြချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက ဆွေးနွေးမေးမြန်း အကြံပြုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှု အစီအစဉ်များအား ကျောင်းသား၊ ဆရာ၊ မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်ရေးအတွက် စကားဝိုင်းဆွေးနွေးပွဲများ ရိုက်ကူးထုတ်လွှင့်ခြင်းစသည့် အသိပညာပေးအစီအစဉ်များ ဆောင်ရွက်သွားရမည်ဖြစ်ပြီး အရည်အသွေးနှင့် လိုက်လျောညီထွေရှိရေးတို့အတွက် အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းခန်းမ၌ ဇန်နဝါရီ ၁၀ ရက်မှ ဇန်နဝါရီ ၁၆ ရက်အထိ ကျင်းပမည့် မြန်မာ-ကိုရီးယားပညာရေး ပူးပေါင်းဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ စိတ်ပညာအသင်းမှ သင်တန်းဖွင့်လှစ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံစိတ်ပညာအသင်းမှ အများပြည်သူများအတွက် လက်တွေ့ အသုံးချစိတ်ပညာသင်တန်းဖြစ်သည့် "Training on Creating a Safe and Positive Parenting for Children" သင်တန်းကို လာမည့် ဖေဖော်ဝါရီလ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မြန်မာနိုင်ငံစိတ်ပညာအသင်း အမှတ် (၂၁) ဥလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့တွင် ဖွင့်လှစ်မည်ဖြစ်သည်။

ဤသင်တန်းသည် မိဘများ၊ ကလေးပြုစုစောင့်ရှောက်သူများ၊ ဆရာ ဆရာမများအနေဖြင့် ကလေးသူငယ်များ ဖွံ့ဖြိုးမှု မှန်ကန်စေရန်အတွက် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ကို မည်သို့ဖန်တီးသွားရန်၊ ကလေးသူငယ် အလွဲသုံးစားခြင်း၊ ခေါင်းပုံဖြတ်ခြင်းတို့မှ ကင်းဝေးအောင် မည်သို့ မည်ပုံ ဆောင်ရွက်သင့်သည်၊ အထူးလိုအပ်ချက်ရှိသည့် ကလေးများတွင် တွေ့ရသော အပြုအမူဆိုင်ရာပြဿနာများနှင့် ယင်းတို့ကို မည်သို့ ကိုင်တွယ်ဖြေရှင်းနိုင်မည်စသည့် အကြောင်းအရာများကို ထည့်သွင်းပို့ချမည်ဖြစ်သည်။ အဆိုပါသင်တန်းတွင် Healthy Development, Special Need for Children, Violence at home, Child Abuse, Child Sexual Abuse and Exploitation, Challenging Behaviour နှင့် Behavioural Management ခေါင်းစဉ်များဖြင့် ပို့ချဆွေးနွေးသွားမည်ဖြစ်သည်။

ဤသင်တန်းကို ဆရာမကြီး ဒေါ်သက်ထားဝင်း (တွဲဖက်ပါမောက္ခ (ငြိမ်း)၊ စိတ်ပညာဌာန)နှင့် ဒေါက်တာ ဒေါ်ဌေးဌေး (Principal, New World Therapeutic Training Center) တို့က ပို့ချကြမည်ဖြစ်သည်။ သင်တန်းသားအရေအတွက် ကန့်သတ်ထားသဖြင့် သင်တန်းတက်ရောက်လိုသူများ အနေဖြင့် မြန်မာနိုင်ငံစိတ်ပညာအသင်း ဖုန်း- ၀၉- ၅၀၀၁၁၂၃၊ ၀၁- ၂၁၂၂၄၃၊ ၀၁-၂၃၁၆၈၆၁ တို့သို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းရန် ဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်(ရွှေဈေး) ၉၄၁၀၀၀ - ၉၄၁၀၀၀ မန္တလေး(ရွှေဈေး) ၉၄၁၀၀၀ - ၉၄၁၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၉၅/၈၁၅ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၅/၈၄၅ ကျပ်၊ | ၉၂၀/၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၉၀/၈၀၀ ကျပ်၊ | ၈၈၀/၈၈၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၅/၈၃၀ ကျပ်၊ | ၈၇၅/၈၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၉၀/၇၉၇ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၀၀/၈၀၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၇၅/၇၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၁၄. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၇. ၄၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၀၃၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၇. ၂၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၁၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၁. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆. ၁၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၈. ၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၂. ၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

### ❍ မြန်မာ့တိုင်းရင်းဆေးပညာမှ

(၁၈) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကိုလည်း တစ်ဆက်တည်း ကျင်းပပြုလုပ်ကြမှာဖြစ်ပြီး နှီးနှောဖလှယ်ပွဲကို ကျင်းပရာမှာ မြန်မာ့တိုင်းရင်းဆေးပညာရဲ့ သမားစဉ်ကုထုံးနည်းစနစ်များနဲ့ အစွမ်းထက်ဆေးဝါးတွေကို ရောဂါအလိုက် ရှာဖွေဖော်ထုတ်ပြီး တိုင်းရင်းဆေးရုံများနဲ့ တိုင်းရင်းဆေးကုဌာနတွေမှာ လက်တွေ့အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ဖို့၊ မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းကို နိုင်ငံတကာအဆင့်သို့ မြှင့်တင်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်ဖို့၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးပညာပေးခြင်းကို အိမ်ရှင်မများထံ ရောက်ရှိအောင် ဆောင်ရွက်ပေးဖို့၊ နယကြီး (၄)ပါးကို အခြေခံတဲ့ မြန်မာ့တိုင်းရင်းဆေးပညာကုထုံးနည်းစနစ်များကို အမျိုးသားရေး အမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်နဲ့ ခေတ်အဆက်ဆက် တိုင်းရင်းဆေးပညာ သင်ကြားရေးနည်းစနစ်ကို ဆန်းစစ်သုံးသပ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ပြန့်ပွားရေးစတဲ့ ရည်ရွယ်ချက်များ ပြည့်မီလာရေးအတွက် တိုင်းရင်းဆေးပညာရှင်များအားလုံးနဲ့ နှီးနွှယ်ပညာရှင်များ အားလုံးတို့က ဝိုင်းဝန်းဆွေးနွေး ညှိနှိုင်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ပါတယ်။

**အထူးအလေးထား**

ဒီနေ့ကမ္ဘာကြီးမှာ သဘာဝသစ်သီးသစ်ဥများနဲ့ နွယ်မြက်သစ်ပင်တွေကို အခြေခံတဲ့ ဘယဆေးပညာရပ်များဟာ ဘေးထွက်ဆိုးကျိုးနည်းပါးပြီး အာနိသင်ထက်မြက်ခြင်းတို့ကြောင့် အထူးအလေးထားပြီး ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်နေကြတာကို တွေ့ရှိနေရပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာရှင်များအနေနဲ့လည်း မိမိတို့ တတ်မြောက်ထားတဲ့ ပညာရပ်များ တိမ်မြုပ်ပျောက်ကွယ်မသွားစေရန်နဲ့ တစ်ဦးရဲ့ အသိပညာများနဲ့ အခြားတစ်ဦးရဲ့ အသိပညာများကိုလည်း အချင်းချင်း ဆွေးနွေးဖလှယ်ပေါင်းစပ်ကာ ကုထုံးများ ထုတ်ဖော်ကြရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ကပ်ရောဂါအသွင်ဆောင်တဲ့ ရောဂါအသစ်တွေကို ဘေးထွက်ဆိုးကျိုးနည်းပါးပြီး သဘာဝအပေါ်အခြေခံတဲ့ မြန်မာ့တိုင်းရင်းဆေး ကုထုံးနည်းသစ်များနဲ့ မြန်မာ့တိုင်းရင်းဆေးပညာရဲ့ ရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းတွေကိုလည်း ပြည်သူတွေထံ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိအသုံးပြုနိုင်ကြစေဖို့ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ မတူကွဲပြားမှုများထဲက အကောင်းဆုံးရလဒ် ကုထုံးကုကွက်များကိုလည်း ဝေမျှဆွေးနွေးကြရန် လိုအပ်ပါတယ်။

**ဝိုင်းဝန်းကြိုးပမ်း**

နိဂုံးချုပ်အနေနဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များရဲ့ ပခုံးထက်သို့ ရောက်ရှိနေတဲ့ မြန်မာ့တိုင်းရင်းဆေးလောက ဂုဏ်သိက္ခာအဆင့်အတန်း မြှင့်မားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ဖို့ ကျင်းပတဲ့ (၁၈) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကြီးရဲ့ မျှော်မှန်းချက်များနဲ့ နှီးနှောဖလှယ်ပွဲ ရည်မှန်းချက်တွေ အောင်မြင်ပါစေ၊ စည်းလုံးညီညွတ်စွာ ဆွေးနွေး၊ ညှိနှိုင်း၊ တိုင်ပင်၊ နှီးနှောနိုင်ကြပါစေ၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူထုထုရဲ့ ကျန်းမာရေးကို တိုးမြှင့်စောင့်ရှောက်ပေးနိုင်ပါစေလို့ ဆန္ဒပြုရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

### ☆ ဒုတိယသမ္မတမှ

ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တစ်ခုအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သည် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့သည့် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၌ မဲခေါင်-လန်ချန်း ဒေသခွဲအတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိရေးအတွက် မဲခေါင်-လန်ချန်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြရန် ၂၀၁၆ ခုနှစ်မှ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်မှာ ဒေသတွင်းနိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်၊ ပြည်သူများ၏ သာယာဝပြောမှုကို တိုးမြှင့်ပေးရန်၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် လျှော့ချရန်နှင့် အာဆီယံအသိုက်အဝန်းတည်ထောင်မှုကို ထောက်ကူပေးရန်၊ ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (၂၀၃၀) ရည်မှန်းချက်ကို တိုးမြှင့်အကောင်အထည်ဖော်ရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်သွားရန် ရည်ရွယ်ချက်တို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ အကောင်အထည်ဖော်ရန်အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေအဖြစ် ဒေါ်လာ သန်း ၃၀၀ ဖြင့် မတည်တည်ထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခု ဒုတိယအကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် ဖနောင်ပင်ကြေညာစာတမ်းကို ထုတ်ပြန်ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ငါးနှစ်တာလုပ်ငန်း အစီအစဉ် (၂၀၁၈-၂၀၂၂)၊ မြန်မာနိုင်ငံမှ စီမံကိန်း ၁၀ ခု အပါအဝင် မဲခေါင်-လန်ချန်းနိုင်ငံများအကြား ပူးပေါင်းအကောင်အထည်ဖော်မည့် စီမံကိန်း ၂၁၄ ခုအတွက် အတည်ပြုချမှတ်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ-တရုတ်-လာအို-ထိုင်း လေးနိုင်ငံ မဲခေါင်-လန်ချန်းမြစ်ကြောင်း ပူးပေါင်းကင်းလှည့်ခြင်းအပေါ် ညှိနှိုင်းမှု အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာ-တရုတ်-လာအို-ထိုင်း လေးနိုင်ငံ မဲခေါင်-လန်ချန်းမြစ်ကြောင်း ပူးပေါင်းကင်းလှည့်ခြင်းအပေါ် ညှိနှိုင်းမှု အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Summit Park View Hotel ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုး၊ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး၊ ရေကြောင်းရဲတပ်ဖွဲ့မှူး၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ ရဲဆက်ဆံရေးသံမှူးကြီး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မြန်မာ၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၅၀ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မြန်မာ၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော မဲခေါင်မြစ်ကြောင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ်မှစ၍ လေးနိုင်ငံ ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပူးပေါင်းကင်းလှည့်ခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကင်းလှည့်ဆောင်ရွက်ခြင်း အပါအဝင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ အပြန်အလှန် ကူညီပေးခြင်းများ ဆောင်ရွက်ခဲ့သောကြောင့် မဲခေါင်ဒေသတွင် ယခင် ၁၀ နှစ်ကာလနှင့် နှိုင်းယှဉ်ပါက များစွာ အေးချမ်းတည်ငြိမ်မှုရှိလာသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ယခုအခါ အာရှနိုင်ငံများတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှုနှင့် ဆိုက်ဘာမှုခင်းများမှာ တိုးတက်ဖြစ်ပေါ်နေ၍ ထိုကဲ့သို့မှုခင်းများ လျော့နည်းကျဆင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်း ပြောကြားသည်။



ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မဲခေါင်မြစ်ကြောင်း တစ်လျှောက်သာမက မဲခေါင်ဒေသတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် သတင်းအချက်အလက်ဖလှယ်မှုများ ပိုမိုမြှင့်တင် ပူးပေါင်းဆောင်ရွက်ရေး၊ မဲခေါင်မြစ်ကြောင်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တွင် နယ်စပ်ဆက်ဆံရေးရုံးများ၏ အခန်းကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း မြှင့်တင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် ဖြစ်ပွားမှုအများဆုံးဖြစ်သည့် မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ လောင်းကစားမှုနှင့် တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင် ရောင်း/ ဝယ်မှုများ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်နေသော ခရိုင်အဆင့်၊ မြို့နယ်အဆင့်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုများ ပိုမိုမြှင့်တင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## နယ်စပ်ဒေသတိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သို့ သွားရောက်လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ အစီအစဉ်အရ နေပြည်တော်သို့ လေ့လာရေးခရီးစဉ် ရောက်ရှိနေကြသော ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ တိုင်းရင်းသား တိုင်းရင်းသူလေ့လာရေးအဖွဲ့ဝင် ၁၀၀ သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအုန်းမြင့် လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ခန်းမဆောင်တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လေ့လာရေးအဖွဲ့အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

လေ့လာရေးအဖွဲ့သည် ယနေ့ နံနက်အစောပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ **(ယာပုံ)** သတင်းရိုက်ကူးတည်းဖြတ်ထုတ်လွှင့်ပုံ အဆင့်ဆင့်ကိုလည်းကောင်း၊ တိုင်းရင်းသားရုပ်သံလိုင်း NRC ထုတ်လွှင့်နေမှုများနှင့် ရေဒီယိုထုတ်လွှင့်ရေး အစီအစဉ်များကိုလည်းကောင်း တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ယင်းနောက် တိုင်းရင်းသားလေ့လာရေးအဖွဲ့များ၏ ရိုးရာအကများကို မှတ်တမ်းတင် ရိုက်ကူးကြသည်။ ဆက်လက်၍ လေ့လာရေးအဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။



အဆိုပါ တိုင်းရင်းသားလေ့လာရေးအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက မဟာသကျရံသီဘုရားအား ဖူးမြော်ကြည်ညိုကြပြီး တပ်မတော်စစ်သမိုင်းပြတိုက်သို့ ဆက်လက်သွားရောက် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်း သင်တန်းဖွင့်

**မိုင်းယောင်း ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်း သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၈ ရက်က မိုင်းယောင်းမြို့နယ် ဟောင်ကြန့်ကျေးရွာ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ကျေးရွာအတွင်းရှိ သင်တန်းသားသင်တန်းသူ ၁၁၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ အဆိုပါသင်တန်းသည် ကျေးရွာလူထုကိုယ်တိုင်က ကဏ္ဍပေါင်းစုံကို ဦးစားပေးအလိုက် စီမံကိန်းရေးဆွဲ၍ လုပ်ငန်းများကို ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်သည်။

**၅၆၈**

# ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲသို့ အမေရိကန် ဒုတိယသမ္မတ တက်ရောက်မည်



**ဝါရှင်တန် ဇန်နဝါရီ ၁၁**

လာမည့်လတွင် တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် ပြိုင်ချမ်းအိုလံပစ်အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ် တက်ရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က ယနေ့ သတင်းထုတ်ပြန်ခဲ့သည်။

ဖေဖော်ဝါရီ ၉ ရက်တွင် ကျင်းပမည့် ဆောင်းရာသီအားကစားပြိုင်ပွဲသို့ အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်နှင့် သူ၏ဇနီးတို့က အမေရိကန်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်မည်ဖြစ်ကြောင်း အိမ်ဖြူတော်၏ ကြေညာချက်တွင် ပါရှိသည်။

အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်က ဆိုးလ်နှင့် တိုကျိုမြို့တို့သို့ သွားရောက်လည်ပတ်ကာ နိုင်ငံ့ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆွေးနွေးမည်ဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

ဆောင်းရာသီအိုလံပစ်အားကစားပွဲတော်သို့ အမေရိကန် ဒုတိယသမ္မတ သွားရောက်ခြင်းသည် အမေရိကန်အနေဖြင့် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း လုံခြုံရေးအတွက် အားဖြည့်တင်းခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် အမေရိကန် ဒုတိယသမ္မတသည် အမေရိကန်ပြည်ထောင်စု အလက်စကာပြည်နယ်သို့ သွားရောက်မည်ဖြစ်ပြီး တိုက်ချင်းပစ်ဒုံးလက်နက်များ တပ်ဆင်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ပျောက်ဆုံးနေသော မလေးရှားလေယာဉ်ကို ရှာဖွေပေးရန် အမေရိကန်ကုမ္ပဏီတစ်ခုနှင့် သဘောတူညီချက်ရရှိ




**ကွာလာလမ်ပူ ဇန်နဝါရီ ၁၁**

မလေးရှားလေကြောင်းမှ ပျောက်ဆုံးနေသော အမ်အိပ်ချ်-၃၇၀ လေယာဉ်ကို အိန္ဒိယသမုဒ္ဒရာတောင်ပိုင်း၌ ရှာဖွေနိုင်ရန် အမေရိကန် ပင်လယ်ကြမ်းပြင်စူးစမ်းလေ့လာရေးကုမ္ပဏီတစ်ခုက ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ အကယ်၍ လေယာဉ်ပျက်ကို ရက်ပေါင်း ၉၀ အတွင်း ရှာဖွေတွေ့ရှိပါက အဆိုပါကုမ္ပဏီအား ဒေါ်လာသန်း ၇၀ အထိပေးရန် သဘောတူညီချက်တစ်ရပ်ကို မလေးရှားအစိုးရက ဇန်နဝါရီ ၁၀ ရက်တွင် လက်မှတ်ရေးထိုးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

၂၀၁၄ ခုနှစ် မတ်လက မလေးရှားနိုင်ငံ ကွာလာလမ်ပူမှ တရုတ်နိုင်ငံ ပေကျင်းသို့ ခရီးစဉ်ပျံသန်းလာချိန်အတွင်း လေယာဉ်ပျောက်ဆုံးခဲ့သည်။ အဆိုပါ လေယာဉ်နှင့်အတူ လူပေါင်း ၂၃၉ ဦး လိုက်ပါလာခဲ့ပြီး ယင်းလေယာဉ်ပျောက်ဆုံးမှုဖြစ်ရပ်သည် ကမ္ဘာ့မြို့ပြလေကြောင်းသမိုင်းတွင် ပဟေဠိအဆန်းဆုံး လေယာဉ်ပျောက်ဆုံးမှုဖြစ်သည်။

ဩစတြေးလျ၊ တရုတ်နှင့် မလေးရှားနိုင်ငံတို့သည် လွန်ခဲ့သည့်နှစ် ဇန်နဝါရီလက လေယာဉ်ပျက်ကို တွေ့ရှိရလိမ့်နိုးဖြင့် စတုရန်း ကီလိုမီတာ ၁၂၀၀၀၀ အကျယ်အဝန်းရှိ နယ်မြေတစ်နံတစ်လျားတွင် ပိုက်စိပ်တိုက်ရှာဖွေခဲ့ကြသော်လည်း ရှာဖွေစရိတ်ဒေါ်လာ ၁၅၇ သန်းရှိသည့် ရှာပုံတော်မှာ အောင်မြင်မှုမရခဲ့ချေ။

ကနဦးရှာဖွေသည့်နေရာ၏ မြောက်ဘက်ရှိ စတုရန်းကီလိုမီတာ ၂၅၀၀၀ ရှိ နယ်မြေအပိုင်းအခြားအတွင်း ရှာဖွေမှုကို တိုးချဲ့ပြုလုပ်သင့်သည်ဟု စုံစမ်းစစ်ဆေးရေးမှူးများက တိုက်တွန်းပြောကြားခဲ့သော်လည်း ရှာဖွေရေးလုပ်ငန်းကို လက်လျှော့ခဲ့ကြသည်။

ယခုအခါတွင်မူ အမေရိကန်ပြည်ထောင်စု ဟူစတန်မြို့ အခြေစိုက် ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်သော အိုးရှင်းအင်ဖင်နတီအမည်ရှိ ကုမ္ပဏီက လေယာဉ်ပျက်ကို ရှာဖွေပေးရန် ကမ်းလှမ်းခဲ့ကြောင်း၊ မိမိတို့ရရှိသော သဘောတူညီချက်အရ လေယာဉ်ပျက်ကို ရှာဖွေတွေ့ရှိခြင်းမရှိပါက မည်သည့်အခကြေးငွေကိုမျှ ပေးရန်မလိုဘဲ လေယာဉ်ပျက်ကို ရှာဖွေတွေ့ရှိမှသာလျှင် ဒေါ်လာသန်း ၇၀ အထိပေးရန်ဖြစ်ကြောင်း မလေးရှား သယ်ယူပို့ဆောင်ရေးဝန်ကြီး လွီယိုတောင်က ပြောကြားသည်။

အဆိုပါကုမ္ပဏီမှ စူးစမ်းလေ့လာရေးရေယာဉ်ဖြစ်သော ဆီးဘက်ကွန်စထရပ်တာအမည်ရှိ သင်္ဘောသည် ယခုအခါ ရာသီဥတု ကောင်းမွန်နေချိန်အတွင်း လေယာဉ်ပျက်ရှာဖွေမည့် ဧရိယာသို့ ဦးတည်ကာ ခုတ်မောင်းလျက်ရှိကြောင်း၊ ဇန်နဝါရီ ၁၇ ရက်တွင် လေယာဉ်ပျက်ရှာဖွေမှု စတင်မည်ဖြစ်ကြောင်း သဘောတူညီချက်လက်မှတ်ရေးထိုးပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ကုမ္ပဏီအကြီးအကဲ အိုလီဗာပဲလန့်ကက်က ပြောကြားသည်။ **ရိုက်တာ**

# ဆီးနှင်းတု ဖန်တီးရေးစက်ကိရိယာ နော်ဝေသုတေသီများ တည်ဆောက်မည်

**အော်စလို ဇန်နဝါရီ ၁၁**

ရာသီဥတုပြောင်းလဲခြင်းကြောင့် ပိုမိုပူနွေးလာသော ဆောင်းဥတုများ ဖွဲ့စည်းဖြစ်ပေါ်လာမှုနှင့်အတူ ကမ္ဘာတစ်ဝန်း၌ နှင်းလျှောစီးအားကစားလုပ်ငန်း ထိခိုက်လာရမှုကို ဖြေလျှော့နိုင်စေရန် ရည်ရွယ်လျက် နော်ဝေနိုင်ငံရှိ သုတေသနအဖွဲ့တစ်ဖွဲ့က ဆီးနှင်းတုဖန်တီးရေး စီမံကိန်းတစ်ရပ်အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

နော်ဝေနှင်းလျှောစီးအားကစားအဖွဲ့ချုပ်၊ ထရွမ်ဟိန်းမြို့မစည်ပင်သာယာရေးဌာနတို့သည် ဥရောပရှိ လွတ်လပ်သော သုတေသနအဖွဲ့အစည်းများတွင် ပါဝင်သော ဆင်တက်သုတေသနဌာနနှင့် နော်ဝေသိပ္ပံနှင့် နည်းပညာတက္ကသိုလ်တို့နှင့်အတူ ပူးပေါင်း၍ "အနာဂတ်အတွက် ဆီးနှင်း"ဟု အမည်ပေးထားသော စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်မည်ဖြစ်သည်။

ဆီးနှင်းတု ဖန်တီးရေးစနစ်မှာ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိအောင် ပြုလုပ်ထားသော စနစ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း နော်ဝေသိပ္ပံနှင့် နည်းပညာတက္ကသိုလ်မှ ပါမောက္ခ ထရိုင်ဗေး အီကေဗစ်က ပြောကြားသည်။

အရည် သို့မဟုတ် ခာတ်ငွေ့ကို ဖိအားဖြင့် ရွှေ့လျားစေနိုင်သော ပန့်များကို တည်ဆောက်ကာ ကာဗွန်ဒိုင်အောက်ဆိုက်ခာတ်ငွေ့ အသုံးပြု၍ ဆီးနှင်းတုဖန်တီးနိုင်ကြောင်း၊ ပန့်များ၏ အေးမြသော ဘက်ခြမ်းတွင် ဆီးနှင်း ထုတ်လုပ်ပေးမည်ဖြစ်ပြီး ပန့်များ၏ ပူနွေးသော ဘက်ခြမ်းတွင် စုဝေးနေသော အပူစွမ်းအင်ကို စုစည်းရယူကာ လူနေအဆောက်အအုံများသို့ ပေးပို့နိုင်မည်ဖြစ်ကြောင်း ပါမောက္ခ အီကေဗစ်က ပြောကြားသည်။

လေထုအပူချိန် မြင့်တက်နေချိန်မှာပင် ဆီးနှင်းတုဖန်တီးရေး စက်ကိရိယာက အသုံးဝင်ကြောင်း၊ မည်ကဲ့သို့သော လေထုအပူချိန်တွင်မဆို ဆီးနှင်းတုကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယခုနှစ်၏ နှစ်လယ်ကာလအရောက်တွင် ဆီးနှင်းဖန်တီးရေး စက်ကိရိယာအတွက် နမူနာပုံစံငယ်ပေါ်ထွက်လာမည်ဟု မျှော်လင့်ရကြောင်း၊ နော်ဝေနိုင်ငံအလယ်ပိုင်း ထရွမ်ဟိန်းမြို့အနီးရှိ နှင်းလျှောစီးအားကစားခန်းမတွင် ဆီးနှင်းဖန်တီးရေးစက်ကိရိယာကို တပ်ဆင်မည်ဖြစ်ကြောင်း အီကေဗစ်က ပြောကြားသည်။

**ဆင်ဟွာ**



# ယစ်မျိုးခွန်ဆိုင်ရာ ဥပဒေစည်းမျဉ်း ဖြေလျှော့မှုကြောင့် သီရိလင်္ကာ အမျိုးသမီးများ ယမကာဝယ်ခွင့်ရ

**ကိုလံဘို ဇန်နဝါရီ ၁၁**

သီရိလင်္ကာနိုင်ငံတွင် အမျိုးသမီးများအား အရက်ရောင်းချခွင့်၊ လိုင်စင်ဖြင့် အရက်ထုတ်လုပ်သည့် လုပ်ငန်းခွင်များ၌ အလုပ်လုပ်ခွင့်နှင့် အရက် လက်လီရောင်းချသည့် ဆိုင်များ၌ ရောင်းချသူအဖြစ် အလုပ်လုပ်ကိုင်ခွင့်တို့ကို ပိတ်ပင်ခဲ့ရာမှ ယခုအခါ ယင်းပိတ်ပင်ချက်ကို အစိုးရက ပြန်လည်ပယ်ဖျက်ပေးလိုက်ပြီဖြစ်ကြောင်း လူထုဆက်သွယ်ရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၁ ရက်တွင် ပြောကြားသည်။

အမျိုးသမီးများအား ယမကာရောင်းချမှု အရက်ထုတ်လုပ်ရေးလုပ်ငန်းခွင်၌ အလုပ်လုပ်ကိုင်မှု၊ အရက်ရောင်းချသော ဆိုင်များတွင် အလုပ်လုပ်ခွင့်တို့အား တားမြစ်ပိတ်ပင်သည့် ဥပဒေကို ရုပ်သိမ်းကြောင်း ဘဏ္ဍာရေးဝန်ကြီး မန်ဂါယာ ဆာမာရာစီအီရာ လက်မှတ်ရေးထိုးထားသော ယစ်မျိုးခွန်ဆိုင်ရာ ပြင်ဆင်ချက် အထူးပြန်တမ်းတွင် ဖော်ပြသည်။

၁၉၇၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် အထူးပြန်တမ်းပါ ယစ်မျိုးခွန်ဆိုင်ရာ နှိုးဆော်လွှာအမှတ်-၆၆၆ ပါ စာရင်းကို ပြင်ဆင်ပေးလိုက်ပြီး ပြင်ဆင်ချက်အရ အသက် (၁၈)နှစ် ပြည့်ပြီးသူ အမျိုးသမီးများသည် အရက်တရားဝင်ဝယ်ယူခွင့်ရရှိမည့်အပြင် ယစ်မျိုးခွန် မဟာမင်းကြီး၏ ကြိုတင်ခွင့်ပြုချက်ရယူစရာမလိုဘဲ အရက်ထုတ်လုပ်သည့် တရားဝင်လုပ်ငန်းများ၌ အလုပ်လုပ်ကိုင်ခွင့်လည်း ရရှိမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဆာမာရာစီအီရာက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံတွင် ၁၉၅၀ ပြည့်လွန် အစောပိုင်းနှစ်များက ပြဋ္ဌာန်းခဲ့သော ဥပဒေတစ်ရပ်အရ အမျိုးသမီးများအား ဝိုင်အပါအဝင် မည်သည့် အရက်သေစာကိုမျှ ရောင်းချပေးခြင်းမပြုရန်၊ အရက်ထုတ်လုပ်သည့် လုပ်ငန်းများ၌ အလုပ်လုပ်ခြင်း မပြုရန်၊ ယမကာ လက်လီရောင်းချသော ဆိုင်များ၌ အလုပ်လုပ်ကိုင်ခြင်း မပြုရန် ပိတ်ပင်ခဲ့သည်။ **ဆင်ဟွာ**

# မြန်မာနိုင်ငံ၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့

**ဘူတန်ဘုရင့်နိုင်ငံ**

မြန်မာနိုင်ငံ၏ ပျော်ရွှင်ဖွယ်ရာ လွတ်လပ်ရေးနေ့ အခါသမယအတွက် ဘူတန်ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရသည့်အတွက် ကျေနပ်ပီတိဖြစ်ရပါကြောင်း ဘူတန်ဘုရင့်နိုင်ငံ ဘုရင် ဂျင်မီခေဆာ နန်းဂျဲလ်ဝန်ချွတ်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့ ဆက်လက်ဖော်ဆောင်နိုင်ပါစေကြောင်းနှင့် လာမည့်နှစ်များအတွင်း မိမိတို့နှစ်နိုင်ငံကြား ဆက်ဆံရေး ဆက်လက်တိုးတက်ခိုင်မြဲနေမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ဖော်ပြထားသည်။

အလားတူ ဘူတန်ဘုရင့်နိုင်ငံ ဝန်ကြီးချုပ် ဒါရှိုရှာရင်း တော့ဂေးကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

**မွန်ဂိုလီးယားသမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မွန်ဂိုလီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟာ့ဂ်ျမားဂင် ဘာတူလ်ဂါက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

အနာဂတ်တွင် အဆွေတော်နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဖော်ဆောင်ရန် စိတ်အားထက်သန်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွားနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများအတွက် မွန်ဂိုလီးယား-မြန်မာ ဆက်ဆံရေးတည်တံ့ခိုင်မြဲရေးကို အလေးထားပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာပြည်သူများလည်း ငြိမ်းချမ်းသာယာဝပြောပါစေဟု ဆုတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ထို့အတူ မွန်ဂိုလီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒမ်ဒင် ဆိုဘာယာတာကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(ဆက်လက်ဖော်ပြပါမည်)**

## ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ချစ်ကြည်ရေးခရီးရောက်ရှိ



**ရန်ကုန် ဇန်နဝါရီ ၁၁**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Taro KONO နှင့်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ယနေ့ညနေ ၄ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတရှီဟီဂူချီနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော်အဖွဲ့သည် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရေဝေးသုသာန်ဝင်းရှိ ဂျပန်စစ်သင်္ချိုင်းသို့ သွားရောက်လေ့လာကြသည်။**(ယာပုံ)**

ဧည့်သည်တော်အဖွဲ့သည် ခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့နှင့်တွေ့ဆုံသွားရန် စီစဉ်ထားကြောင်း သိရှိရသည်။

ထို့အပြင် ဧည့်သည်တော်အဖွဲ့သည် ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ကြည့်ရှုလေ့လာပြီး ဂျပန်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့်လည်း MELIA ဟိုတယ်၌တွေ့ဆုံသွားမည်ဖြစ်ကာ ရခိုင်ပြည်နယ် မောင်တောဒေသသို့လည်း သွားရောက်လေ့လာရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ အကြိုညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

(၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ အကြိုညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရီရီမြင့်က သဘာပတိအဖြစ်ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်)မှ ဦးသောင်းနိုင်နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရှမ်း)မှ ဦးစိုင်းစိုးသက်နိုင်(ခ)ဦးလှမြင့်တို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သဘာပတိ ဒေါက်တာရီရီမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် တိုင်းရင်းဆေးသမားတော် ညီလာခံကိုယ်စားလှယ်များက အဆိုပြုချက်များကို အုပ်စုလိုက်ဆွေးနွေးကြပြီး အဆိုတစ်ခုချင်းစီအတွက် အဆိုတင်သွင်းသူနှစ်ဦးနှင့် အဆိုထောက်ခံသူနှစ်ဦးတို့ကို ပဏာမရွေးချယ်ကြသည်။

ယင်းနောက် အုပ်စုအလိုက် ပဏာမရွေးချယ်ထားသည့် အဆိုတင်သွင်းထောက်ခံမည့် ကိုယ်စားလှယ်အသီးသီးက အဆိုတင်သွင်းခြင်းနှင့် ထောက်ခံခြင်းတို့ကိုဆောင်ရွက်ကြပြီး သဘာပတိအဖွဲ့များက အဆိုတစ်ခုချင်းစီအတွက် အဆိုတင်သွင်းသူတစ်ဦးနှင့် အဆိုထောက်ခံသူတစ်ဦးတို့ကို အတည်ပြုရွေးချယ်ကြသည်။

မွန်းလွဲပိုင်းတွင် အဆိုပြုချက်တစ်ခုချင်းစီအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အုပ်စုဖွဲ့ဆွေးနွေးကြပြီး ထွက်ပေါ်လာသည့်လုပ်ငန်းစဉ်များကို အတည်ပြုရွေးချယ်ထားသည့် ညီလာခံကိုယ်စားလှယ်များက ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးပွဲသို့ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရီရီမြင့်၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းဆေးသမားတော် ညီလာခံကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဇန်နဝါရီ ၁၂ရက်တွင် ကျင်းပမည့် (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် မြန်မာ့တိုင်းရင်းဆေးပညာ၏ သမားစဉ်ကုထုံးနည်းစနစ်များနှင့် အစွမ်းထက်ဆေးဝါးများကို ရောဂါအလိုက် ရှာဖွေဖော်ထုတ်၍ တိုင်းရင်းဆေးရုံများနှင့် တိုင်းရင်းဆေးကုဌာနများတွင် လက်တွေ့အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းကို နိုင်ငံတကာအဆင့်သို့ မြှင့်တင်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးပညာပေးခြင်းကို အိမ်ရှင်မများထံ ရောက်ရှိအောင် ဆောင်ရွက်ပေးရန်၊ နယကြီးလေးပါးကို အခြေခံသည့် မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးနည်းစနစ်များကို အမျိုးသားရေးအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ခေတ်အဆက်ဆက် တိုင်းရင်းဆေးပညာ သင်ကြားရေး နည်းစနစ်များကို ဆန်းစစ်သုံးသပ်၍ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ပြန့်ပွားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်ဆိုသည့် အဆိုပြုချက်ငါးချက်ကို တင်သွင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ အမျိုးသားအဆင့်မှ**

ယနေ့ပြုလုပ်သည့် PPST ၏ အရေးပေါ်အစည်းအဝေးသို့ PPST ထိပ်သီးခေါင်းဆောင်များသာမက နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အလွတ်သဘော တွေ့ဆုံဆွေးနွေးရေး အဖွဲ့ဝင်များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)မှ တာဝန်ရှိသူများပါ တက်ရောက်ခဲ့ကြသည်။

"နိုင်ငံရေးပြဿနာရဲ့ အမြင့်ဆုံးသော ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်တဲ့ လက်နက်ကိုင်စွဲပြီး အပြန်အလှန်တိုက်ခိုက်ကြတဲ့ အတွေ့အကြုံတွေကြောင့် မယုံကြည်မှုတွေ၊ သံသယစိတ်တွေ၊ စိုးရိမ်စိတ်တွေဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာပါဝင်တဲ့ အဓိက Stakeholders တွေကြားမှာ အမြစ်တွယ်နေကြတာဟာ ငြင်းလို့မရတဲ့ အချက်တစ်ခု ဖြစ်ပါတယ်၊ ဒီဟာတွေက အခု နိုင်ငံရေး ဆွေးနွေးပွဲတွေလုပ်တဲ့အခါမှာ လာပြီးပွတ်တိုက်မှု ဖြစ်လာရတာဖြစ်တယ်၊ ဒါကြောင့် NCA ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှုတွေအပေါ် နားလည်မှုတူညီခြင်းမရှိသေးဘူးလို့ ကောက်ချက်ချရမှာဖြစ်ပါတယ်၊ ဒါကြောင့် NCA ရဲ့မူ တစ်ခုဖြစ်တဲ့ တွေ့ဆုံညှိနှိုင်းအဖြေရှာခြင်းဆိုတဲ့ အခြေခံကနေ အဖြေရှာနိုင်ဖို့လိုကြောင်း ပြောကြားလိုပါတယ်"ဟု စောမူတူးဆေးဖိုးက ပြောသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အရေးပေါ်အစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက်မှ ၁၂ အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **သတင်း-ရဲခေါင်ညွှန့် ၊ ဓာတ်ပုံ-အောင်အောင်(ချင်းမိုင်)**

## မြန်မာဖူဆယ်အသင်း ထိုင်းနိုင်ငံ၌ နောက်ဆုံးခြေစမ်းပွဲယှဉ်ပြိုင်ကစား

**ရန်ကုန် ဇန်နဝါရီ ၁၁**

၂၀၁၈ အာရှဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်ခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ယနေ့နံနက်ပိုင်းက ထိုင်း ယူ-၂၃ အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာဖူဆယ်အသင်းသည် ထိုင်း ယူ-၂၃ အသင်းနှင့် ဒုတိယမြောက် ခြေစမ်းပွဲကစားခြင်းဖြစ်ပြီး ပထမပွဲထက် ပိုကောင်းသည့်ခြေစွမ်းပြသနိုင်ခဲ့သည်။ ထိုင်း ယူ-၂၃ အသင်းက ဦးဆောင်ဂိုးစတင်သွင်းယူခဲ့ပြီး ပထမပိုင်းမပြီးမီမှာပင် နိုင်ရဲကျော်က မြန်မာအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ မြန်မာအသင်းသည် ထိုင်းအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း ပွဲပြီးခါနီးတွင် နှစ်ဂိုးဆက်ပေးလိုက်ရသောကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြန်မာဖူဆယ်အသင်းသည် ဘန်ကောက်မြို့တွင် ဇန်နဝါရီ ၃ ရက်မှ ၁၁ ရက်အထိ လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ **ဖိုးသော်ဇင်**

# ရှေ့နေနှင့် မေးခွန်းများ

ဦးဟန်ညွန့်(ဥပဒေ)

**နိဒါန်း**

"ဆရာ"
"ဗျာ"
"ဆရာဘာတွေအလုပ်ရှုပ်နေတာလဲ"
"မေးခွန်းတွေ အများကြီး အမေးခံနေရလို့ပါ"
"ဘာမေးခွန်းတွေလဲ ဆရာ"
"ဖတ်ကြည့်တော့ဗျာ"

**ရှေ့နေဘဝ**

ရှေ့နေဘဝက တရားရုံးမှာ မေးခွန်းတွေ ကိုယ်က မေးခဲ့သူ။ ကိုယ့်အမှုအနိုင်ရဖို့ အမျိုးမျိုးသော စိတ်ကူးစိတ်သန်းများဖြင့် ကြိုးပမ်းခဲ့သူ။ ကိုယ်က မေးမြန်းသူ။ ယခုတော့ ကိုယ်က အမေးခံနေရသူ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတာဝန်အတွက် (ဥပဒေနှင့်အညီ) မေးခွန်းများကို ဖြေဆိုနေရသူ။ တာဝန်ရှိသူ။ အမေးနှင့်အဖြေ သတိနှင့် ဖြေရသူ။

**သက်သေခံအက်ဥပဒေ**

ရှေ့နေမှန်ရင် သက်သေခံ အက်ဥပဒေကို မသိ၍မဖြစ်။ မလေ့လာ၍မဖြစ်။ ခြေခြေမြစ်မြစ် ဥပဒေကိုသိမှ၊ လေ့လာထားမှ တရားခွင်မှာ အောင်နိုင်မည်။ ဥပဒေနှင့်ညီညွတ်မည်။ မေးချင်တာ မေး၊ ဖြေချင်တာ ဖြေ၊ အရမ်းကာရော မလုပ်ရ။ ရှေ့နေသိက္ခာကျမည်။ အမှုရှုံးမည်။ အထူးသတိ။

**ပုဒ်မ ၁၃၇**

သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၃၇ တွင် ပထမ ပြန်လှန်၊ ပြန်လည်စစ်မေးခြင်းဟု ပြဋ္ဌာန်းထားပါသည်။

**ပုဒ်မ ၁၃၈**

စစ်မေးရန် အစီအစဉ်နှင့် နောက်ထပ်စစ်မေးရန် ညွှန်ပြခြင်း ပြဋ္ဌာန်းချက်ဖြစ်သည်။

**ပုဒ်မ ၁၄၁**

နိမိတ်ပြမေးခွန်းများအကြောင်း ဖော်ပြသည်။

**နိမိတ်ပြမေးခွန်းဆိုတာဘာလဲ။**

(၁) မေးမြန်းသူအလိုရှိသည့် ဖြေဆိုချက်
(၂) မျှော်လင့်သည့် ဖြေဆိုချက်
(၃) အရိပ်အမြွက်ပြသော မည်သည့်မေးခွန်းကိုမဆို နိမိတ်ပြမေးခွန်းဟု ခေါ်ပါသည်။

**ပုဒ်မ ၁၄၂**

**မည်သည့်အခါ မမေးရပါသလဲ။**

(က) မူလပထမစစ်ဆေးခြင်းတွင်ဖြစ်စေ၊ နောက်ထပ်ပြန်လည်စစ်မေးခြင်းတွင်ဖြစ်စေ၊
( ခ) တစ်ဖက်အမှုသည်က သဘောမတူကန့်ကွက်လျှင်၊ တရားရုံးက ခွင့်မပြုလျှင် နိမိတ်ပြမေးခွန်းကိုမမေးရ။

တရားရုံးက အမှုအကြောင်းအရာကို နားလည်အောင် စတင် လမ်းခင်း နိမိတ်ပြသည့် မေးခွန်းများ ( သို့မဟုတ်) အငြင်းမထွက်သည့် အကြောင်းအရာများ (သို့မဟုတ်) လုံလောက်စွာထင်ရှားပြီးကြောင်း တရားရုံးက တင်ပြသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ နိမိတ်ပြမေးခွန်းများကို တရားရုံးက မေးခွင့်ပြုရမည်။

**ပုဒ်မ ၁၄၃**

နိမိတ်ပြမေးခွန်းကို မည်သည့်အခါ မေးခွင့်ရခြင်း ပြဋ္ဌာန်းချက်တွင်- **"နိမိတ်ပြ မေးခွန်းများကို တစ်ဖက်အမှုသည်က ပြန်လှန်မေးခွန်းများမေးသည့်အခါ မေးခွင့်ရသည်"**ဟု ပြဋ္ဌာန်းသည်။

ဥပမာ၊ ခားကိုင်လာတယ်မဟုတ်လား။
ခားသွေးလာတယ်မဟုတ်လား။
"လား" စကားလုံးမေးခွန်းဖြစ်သည့် အဖြေကိုလို၍ နိမိတ်ပြမေးခြင်းပါ။

**သတင်းစာရှင်းလင်းပွဲများ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခွင့်ရသည့် အချိန်တွင် သတင်းစာရှင်းလင်းပွဲများ ကျင်းပရသည်။ ဘာကြောင့်လဲ။

လုပ်ငန်းကော်မတီတွေ ဖွဲ့စည်းလုပ်ဆောင်ကြရသည်။ ပြန်ကြားရေးလုပ်ငန်းကော်မတီ တာဝန်ယူရသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနည်းဥပဒေ အခန်း (၁၂) တွင် အသိပညာပေးရေးနှင့် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းဟု ပါရှိသည်။ ဥပဒေနှင့်အညီ သတင်းစာရှင်းလင်းပွဲပြုလုပ်ရခြင်းပါ။ တရားရုံးနှင့် သတင်းစာရှင်းလင်းပွဲ (မတူသော်လည်း) မေးခွန်းသဘောကတော့ အတူတူပါပဲ။

**နည်းဥပဒေ ၅၉ (ဃ) တွင်**

အဂတိလိုက်စားမှုဆိုင်ရာသတင်းများကို အများပြည်သူများသိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်းဟု ပြဋ္ဌာန်းထားပါသည်။ အများပြည်သူသိရှိဖို့ သတင်းထုတ်ပြန်ရမည်။ သတင်းထုတ်ပြန်ဖို့လည်း သတင်းစာရှင်းလင်းပွဲများ ကျင်းပပေးသည်။

**မေးခွန်းများမေးကြပါ**

"သတင်းထောက်များကို မေးခွန်းများ မေးကြပါ"ဟု ကျွန်တော်ပြောသည်။ လမ်းဖွင့်သည်။ လွတ်လွတ်လပ်လပ်ပါ။ ပွင့်လင်းမြင်သာစွာပါ။ အလွန်တော်သော သတင်းထောက်များဖြစ်ကြပါသည်။ အလွန်ချာသော သတင်းထောက်အချို့လည်း တွေ့ရသည်။ စိတ်မရှိကြပါနှင့်။ သတင်းထောက်ပီသစွာ မေးခွန်းမမေးတတ်သူများ (အချို့) ရှိနေပါသေးသည်။ လေ့လာဖို့၊ သင်ယူဖို့ အများကြီးလိုနေသေးသည်။ မေးခွန်းမေးတတ်ဖို့ လိုနေသေးသည်ဟု ထင်သည်။





**နိုင်ငံတကာသတင်းထောက်များ**

နိုင်ငံတကာမှ သတင်းထောက်များ၏ အတွေ့အကြုံ၊ သူတို့မေးပုံမေးနည်း၊ ပြောပုံပြောနည်းတွေ လေ့လာပြီး စကားအရာကျွမ်းကျင်ဖို့ အများကြီး လုပ်ကြဦးစို့။

အမေရိကန်သမ္မတ အိုဘားမား မြန်မာပြည်လာစဉ်က မေးခွန်းမေးအတော်ကောင်းသော မြန်မာသတင်းထောက်အချို့ တွေ့ဖူးသည်။

ထိုင်းနိုင်ငံ မင်းသမီး သီရိဒုံ မြန်မာပြည်သို့လာတုန်းက နူးနူးညံ့ညံ့၊ သိမ်သိမ်မွေ့မွေ့ မေးခွန်းမေးတတ်သော မြန်မာအမျိုးသမီး သတင်းထောက်တစ်ယောက်ကိုလည်း မြင်ဖူးသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး၊ စင်ကာပူဝန်ကြီးချုပ်၊ အင်္ဂလန်ဝန်ကြီးချုပ်တွေနှင့် မြန်မာသတင်းထောက်တွေ သတင်းစာရှင်းလင်းပွဲမှာ အင်္ဂလိပ်စာမကျွမ်းကျင်၍ ဟိုရောက်ဒီရောက် ဒုက္ခရောက်ခဲ့သော သတင်းထောက်တွေလည်း အများကြီးကြုံရဖူးသည်။ သင်ခန်းစာယူစရာ။

ဆိုလိုချင်သည်မှာ မေးခွန်းမမေးတတ်သော သတင်းထောက်(အချို့)၊ သတင်းမီဒီယာ မကျွမ်းကျင်သော သတင်းထောက် (အချို့)၊ နိုင်ငံတကာအဆင့်မမီသေးသော သတင်းထောက် (အချို့)၊ သတင်းစာသင်တန်းကျောင်းနည်းပါးသော ကျွန်တော်တို့နိုင်ငံစသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် တွေးမိ စဉ်းစားမိပါသည်။ ဘာလုပ်ကြမည်လဲ။

**ဆရာအောင်ဗလ၊ ဂါးဒီးယန်း ဦးစိန်ဝင်း**

သတင်းစာဆရာကြီး အောင်ဗလနှင့် ဂါးဒီးယန်း ဦးစိန်ဝင်းတို့ခေတ်ကို ပြန်လွမ်းရမည်လား။ ငါတို့ခေတ်နှင့်အပြိုင်ဟု ကြွေးကြော်ရမည်လား။ ဘယ်သူ့မှာ တာဝန်ရှိသလဲ။ ကိုယ့်ဘာသာကိုယ် ကြိုးစားမှ ဖြစ်တော့မည်လား။ ကမ္ဘာ့သတင်းမီဒီယာနယ်ပယ် ကျယ်လှပါဘိ။ ဘယ်လိုလေ့လာ၊ ဘယ်လိုဆည်းပူး၊ ဘယ်လိုပညာယူကြရမည်လဲ။ ထဲထဲဝင်ဝင်လုပ်ကြဖို့လိုပြီ။

**ဥပဒေ တတ်ဖို့ လေ့လာဖို့**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေစာအုပ် ရှိသည်။ ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃ ဖြစ်သည်။ ၇-၈-၂၀၁၃ နေ့က ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ခြင်းပါ။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေလည်း ရှိသည်။ ၁၉-၇-၂၀၁၅ ရက်စွဲဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၅ နှင့် ထုတ်ပြန်ထားတာပါ။

ဥပဒေမသိ၊ နည်းဥပဒေမဖတ်လျှင် ထိုကော်မရှင်အကြောင်း သိမည်မဟုတ်ပါ။

ကိုယ်မေးရမည့်မေးခွန်း ကိုယ်မသိလျှင်၊ မကျွမ်းကျင် နားမလည်လျှင်၊ ကိုယ့်မေးခွန်း မကောင်းနိုင်။ မပြည့်စုံနိုင်။ မခိုင်မာနိုင်။

လွှတ်တော်အကြောင်းမေးလျှင် လွှတ်တော်ဥပဒေသိဖို့၊ ပါတီအကြောင်းမေးလျှင် ပါတီဆိုင်ရာ စည်းမျဉ်းဥပဒေသိဖို့၊ ကုမ္ပဏီအကြောင်းမေးလျှင် ကုမ္ပဏီဥပဒေသိဖို့၊ ဖတ်ဖို့၊ လေ့လာဖို့ မလိုအပ်ဘူးလားဗျာ။ စေတနာနှင့် သတင်းမီဒီယာသမားအချင်းချင်း အကြံပြုခြင်း ဖြစ်ပါသည်။

ကိုယ်ချင်းစာစိတ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် နည်းဥပဒေစာအုပ်တွေကို သတင်းထောက်များအား အခမဲ့ ကြိုတင်ဝေငှပြီးဖြစ်သည်။ လစဉ်ကျင်းပမည့် နောင်သတင်းစာ ရှင်းလင်းပွဲများမှာ **ဥပဒေစာအုပ်တွေ ကိုယ်စီဝေငှ၊ ဖတ်ရှုပြီးသား သတင်းမီဒီယာသမားများနှင့်** လေးစားစွာ၊ ရင်းနှီးစွာ၊ ပွင့်လင်းစွာ တွေ့ကြ၊ မေးကြ၊ ဆွေးနွေးကြ၊ ငြင်းခုံကြမည်ဟု ကြေညာခဲ့သည်။ သတင်းမီဒီယာလောက တိုးတက်ပါစေဟုလည်း စေတနာဝေဖြာလိုက်ပါသည်။

**သတင်းမှန်**

သတင်းမီဒီယာသမားများ၏ အသက်သည် **သတင်းမှန်**ဖြစ်သည်။ သတင်းမှန်ထုတ်ပြန်နိုင်မှ သတင်းသမား၏ တာဝန်ကျေမည်။ မေးခွန်းကောင်းကောင်းမေးတတ်ခြင်းမှာ ဂုဏ်သိက္ခာမြင့်သည်။ တာဝန်ရှိသူအား စိတ်ညစ်အောင်၊ ယောင်ချာချာဖြစ်အောင် မေးခွန်းမေးမှ သတင်းသမားပီသတာ မဟုတ်ပါ။ အလစ်အငိုက်၊ ချောင်ပိတ်မေးပြီး၊ မဖြေနိုင်အောင် "ချောက်ချသော မေးခွန်းမေးမယ်ကွ"ဟု ကြိမ်းဝါးမေးတတ်သော သတင်းထောက် (အချို့) ရှိသည်။ ဘာအကျိုးရှိသလဲ။

**အဖြေတခြား၊ ရေးတာတခြား**

တာဝန်ရှိ ပုဂ္ဂိုလ်က **အဖြူရောင်ပါ**ဟု ဖြေပြီးပြီ၊ သတင်းထောက်က **အနက်ရောင်ပါ** ဟု သတင်းစာမှာ ရေးသည်။ **အဖြူ**မှ **အနက်** ဘယ်လိုပြောင်းသွားမှန်းမသိ။ အကြောင်းပြချက်လည်း မပါ။ ရှင်းလင်းချက်လည်းမရှိ။ သတင်းမှားဖြစ်ပါ၏။ **(က)** ဟုဖြေပြီးပြီ။ **(ခ)** ပါဟု ပြင်ရေးသည်။ တာဝန်ရှိပုဂ္ဂိုလ်က ပြန်ပြီးမေးခွန်းထုတ်ရသည်။ အမှားပြင်ဆင်ချက်လိုက်ရသည်။ ဘယ်ကောင်းတော့မလဲ။ သတင်းမှန်ကို သတင်းမှားလုပ်ချင်တာလား။ စေတနာက ဘာလဲ။ သတင်းမှန်ကိုသာ ပြည်သူသို့ ချပြပါ။ ဝေဖန်ချက်ဆောင်းပါး ရေးတာမဟုတ်ပါ။ သတင်းတော့ သတင်းပါပဲ။ အဖြူကို မည်သူအနက်ဆိုးမည်လဲ။ ပြဿနာကို မီးထွန်းပြီး မရှာစေချင်ပါ။

**အကျင့်ပျက်**

အကျင့်ပျက်သူကို တိုက်ပါ။ အဂတိကို တိုက်ပါ။ ဥပဒေနှင့်ညီပါစေ။ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ မပြုပါနှင့်။ ဤစကားတွေ ထပ်တလဲလဲ ကြားနေ၊ သိနေကြပြီပဲ။ သတင်းမီဒီယာ ဥပဒေရှိသည်။ ဥပဒေနှင့်အညီ လိုက်နာရုံသာပါ။ ဥပဒေက အားနည်းလျှင်၊ ခက်ခဲနေလျှင် (ပြင်စရာရှိသေးလျှင်) ပြင်ဖို့သာဖြစ်ပါသည်။ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ တိုက်နေကြလျှင် သတင်းမှန်မှ သတင်းမှား။ သတင်းစကားမှ အတင်းစကားတွေ ဘေးရောက်ကုန်မည်ဟု ကျွန်တော်ထင်သည်။ လူထုက သတင်းမှန်ကိုသာ သိချင်နေကြတာပါ။

**နိဂုံး**

(၁) ဖြေသူနှင့် မေးသူ အပေးအယူ ညီပါစေ။ ဖြေသူက တိတိကျကျဖြေသလို မေးသူကလည်း တိတိကျကျ သေသေချာချာ မေးလျှင် ကောင်းပါသည်။
(၂) မမေးသင့်တာမေးပြီး **(လျှို့ဝှက်ကိစ္စဟု သတ်မှတ်ထားချက်ကို မရမက အတင်းအဓမ္မ အဖြေခိုင်းခြင်းမျိုး)**မှာ စဉ်းစားဖွယ်ပါ။ ဖြေသင့်တာမဖြေဘဲ (လျှို့ဝှက်)ဟု အကြောင်းပြခြင်းမျိုးမှာလည်း မဖြစ်ထိုက်ပါကြောင်း။
(၃) နှစ်ဦးနှစ်ဖက် မျှမျှတတ စဉ်းစားကြဖို့၊ အလုပ်လုပ်ကြဖို့ပါ။ အမေး၊ အဖြေ ညီညွတ်စေချင်တာပါ။
(၄) ဖေ့စ်ဘွတ်မှာ ပုဂ္ဂိုလ်ရေး ထိုးနှက်တိုက်ခိုက်ပြီး ကျင့်ဝတ်နှင့်မညီသော (ဘယ်သူမှ အကျိုးမရှိသော) မေးခွန်းများအကြောင်းကိုတော့ နောက်တစ်ပတ် တင်ပြခွင့်ပြုပါခင်ဗျား။

# ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာမည့် ကချင်ပြည်နယ်

**ကချင်ပြည်နယ် မြောက်ပိုင်းဒေသများသည် ညို့ညို့မှိုင်းမှိုင်းတောင်တန်းကြီးများဖြင့် အလွန်လှသည်။ ရေခဲတောင်များ၊ ရေတံခွန်စိမ့်စမ်းများ၊ လူ ၁၀ ဦးခန့် ဖက်ရသော နှစ်ရာချီသက်တမ်းရှိ သစ်ပင်ကြီးများ၊ သဘာဝအတိုင်း လှပစွာစီးဆင်းနေသော မေခမြစ်ဖျားပိုင်း၊ မလိခမြစ်ဖျားပိုင်းတို့သည် အလွန်သာယာရှုမောဖွယ်ကောင်းသော်လည်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် လူနေကျဲပါးသည့် ဒေသဖြစ်သည်။ ဒေသခံရဝမ်တိုင်းရင်းသားများနှင့် လီဆူတိုင်းရင်းသားများ နေထိုင်ကြသည်။ မိုးတွင်းကာလတွင် မြစ်ကြီးနားမှ ပူတာအို ၂၁၈ မိုင် လမ်းတစ်လျှောက် ဗွက်တန်းကြီးများဖြင့် သွားလာ၍ မရလောက်အောင် အလွန်ခက်ခဲခဲ့သည်။ မိုးတွင်းတွင် မြစ်ကြီးနား ဆန်၊ ဆီ၊ ဆား၊ ဈေးနှုန်းနှင့် ပူတာအိုဈေးနှုန်းတို့မှာ နှစ်ဆနီးပါးတက်သွားသလို ပူတာအိုမှ ခြေကျင်လျှောက်ရသော နောင်မွန်း၊ ပန်နန်းဒင်တို့တွင် ထိုထက်ပို၍ ကုန်ဈေးနှုန်းကြီးမြင့်တော့သည်။**




**လမ်းပန်းဆက်သွယ်ရေးတိုးတက်လာ**

အစိုးရသစ် တက်လာသောအချိန်တွင် တိုင်းရင်းသားများ နေထိုင်သော ပြည်နယ်၊ တောင်တန်းဒေသများ၏ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ညွှန်ကြားချက်များရှိ၍ စီမံချက်များ ချမှတ်လုပ်ဆောင်ခဲ့သည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိုင်းရင်းသားသွေးချင်းတို့အတွက် စီမံချက်များချမှတ်လုပ်ဆောင်ခဲ့ရာ နှစ်နှစ်အတွင်း လမ်းပန်းဆက်သွယ်ရေးမှာ ထူးခြားစွာတိုးတက်လာခဲ့သည်။ ကချင်ပြည်နယ်တွင် ယခင်က မြစ်ကြီးနားမှ ပူတာအိုသို့ မိုးတွင်းကာလတွင် ခက်ခဲစွာ သုံးညအိပ်ခန့် သွားရသော်လည်း ယခုအခါ နေ့ချင်းပေါက် ရောက်ရှိပြီဖြစ်ပါသည်။



ယခုအဆင့်မြှင့်တင်လျက်ရှိသော မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း အခြေအနေ။

ပူတာအိုမှ နောင်မွန်းသို့ ယခင်က လေးညအိပ်ခန့် လားဖြင့် သွားရသောခရီးကို ယခုအခါ လေးနာရီခန့်ဖြင့် မော်တော်ယာဉ်ဖြင့် သွားနိုင်ပြီဖြစ်ပါသည်။ နောင်မွန်းမှသည် ကော့သောင်းဆီသို့ Documentary တွင်လည်း သေချာစွာတင်ပြထားပါသည်။ ယခင်က မိုးတွင်းကာလတွင် မြစ်ကြီးနားကုန်ဈေးနှုန်းထက် ပူတာအို ကုန်ဈေးနှုန်း၊ နောင်မွန်းကုန်ဈေးနှုန်းတို့မှာ နှစ်ဆ သုံးဆခန့်ကြီးနေရာမှ ယခု နှစ်နှစ်အတွင်း ကားလမ်းများ ကောင်းမွန်လာ၍ မြစ်ကြီးနားဈေးနှုန်းနှင့် ပူတာအို၊ နောင်မွန်းကုန်ဈေးနှုန်းတို့မှာ အတူတူလောက်နီးနီး(အနည်းငယ်သာကွာ) ဖြစ်သွားပါတော့သည်။

**အဆင့်မြှင့်တင်ဆောင်ရွက်**

မဂွေဇမှ ခေါင်လန်ဖူးလမ်းအပိုင်း ၆၅ မိုင် လေးဖာလုံကိုလည်း ယခုအခါ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တပ်မတော် အင်ဂျင်နီယာများဖြင့် ကျောက်တောင်များကို မိုင်းခွဲဖောက်လုပ်လျက်ရှိပြီး လမ်းပေါက်သွားပါက ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆက်လက်၍ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မော်တော်ယာဉ်ဖြင့် သွားနိုင်တော့မည်**

နောင်မွန်းမှ ပန်နန်းဒင်လမ်းအပိုင်းသည် ၃၄ မိုင် ငါးဖာလုံ ယခင်က လား လမ်းသာရှိခဲ့ရာမှ ယခုနှစ်နှစ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖောက်လုပ်ခဲ့ရာ ယခုနှစ် မတ်လတွင် ပြီးစီးမည်ဖြစ်ပြီး နောင်မွန်းမှ ပန်နန်းဒင်သို့ မော်တော်ယာဉ်ဖြင့် သွားနိုင်တော့မည်ဖြစ်ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းချက်အရ ပန်နန်းဒင်မှ ခါကာဘိုရာဇီတောင်တန်း၏ အခြေ ဂူဘားရွာသို့ သွားသည့်လမ်းကို နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တပ်မတော် အင်ဂျင်နီယာများက စတင်၍ ဖောက်လုပ်သွားမည်ဖြစ်ပြီး ကျောက်တောင်မိုင်းခွဲ၍ လမ်းအူကြောင်းဆောင်ရွက်ခြင်း၊ မြေသားလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးချိန်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆက်လက်၍ လမ်းအဆင့်မြှင့်တင်သွားမည် ဖြစ်ပါသည်။

ပူတာအို - နောင်မွန်းလမ်းပေါ်တွင် ရပ်ဘော့ရွာကလေးရှိ၍ အလွန်သာယာလှပပါသည်။ ပူတာအို-နောင်မွန်းလမ်းပေါ်တွင်ရှိသော ကဆန်ခချောင်းကို ယခုအခါ တံတားထိုးပြီးချိန်တွင် ပူတာအိုမှ နောင်မွန်းသို့ အလွယ်တကူသွားရောက်နိုင်ပြီ ဖြစ်ပါသည်။ ရပ်ဘော့ရွာကလေးအတွင်းမှ တိုင်းရင်းသားရဝမ်လူမျိုး တစ်ဦးကို လမ်းပန်းဆက်သွယ်ရေးအခြေအနေအကြောင်းမေးရာ "ဟိုးအရင်က ပူတာအိုကနေ ခြေကျင်လျှောက်ရတယ်၊ သုံးရက်လောက် နားနားပြီးလျှောက်ရတယ်၊ အခု လိုင်းကားနဲ့ နေ့ချင်းပြန် သွားတယ်"ဟု ဝမ်းသာအားရသော အပြုံးဖြင့် ပြန်ဖြေလာပါသည်။

**ရေခဲဖုံးနေသော ခါကာဘိုရာဇီ**

ကချင်ပြည်နယ် မြောက်ဖျားပူတာအိုလွင်ပြင်သည် လည်းကောင်း၊ ထိုမှ တစ်ဆင့် မြောက်ဘက် မချမ်းဘော၊ နောင်မွန်း၊ ပန်နန်းဒင်နှင့် ခေါင်လန်ဖူး မြို့လေးများသည် လည်းကောင်း အလွန်သာယာလှပသည်။ ဂူဘား၊ ဒဇွန်းဒမ်း၊ ရွာလေးများရောက်ရင်တော့ တစ်နှစ်ပတ်လုံး ရေခဲဖုံးနေသော ခါကာဘိုရာဇီတောင်တန်းကြီးကို တွေ့နေရသည်။ ပေ ၃၀၀ ကျော်မြင့်သော လူ ၁၀ ဦးခန့် ဖက်ရသည့် သစ်ပင်ကြီးများ၊ ရေတံခွန်များ၊ စိမ့်စမ်းများ၊ ထရုံ လူပုကလေးများစသည်ဖြင့် အလွန်စိတ်ဝင်စားစရာ ကောင်းသော၊ သဘာဝအရင်းအမြစ်များရှိသောဒေသ ဖြစ်သည်။

ယခုအခါ နောင်မွန်းသို့ ကားလမ်းပေါက်ပြီဖြစ်သည်။ ထိုမှတစ်ဆင့် ပန်နန်းဒင်သို့ ယခုနှစ်အတွင်း ကားလမ်းပေါက်မည်။ ထိုမှတစ်ဆင့် ခါကာဘိုရာဇီ၊ ဂူဘားအထိ ကားလမ်းများပေါက်အောင် ဝန်ကြီးဌာနသုံးခုပူးပေါင်း ဖောက်လုပ်ကြမည်။ ၂၀၁၉ နှစ်ကုန်လျှင် ခေါင်လန်ဖူးသို့ ကားလမ်းပေါက်မည်။ ထိုကားလမ်းများပြီးရင်တော့ အလွန်လှသော ခါကာဘိုရာဇီဒေသသည် ပြည်တွင်းခရီးသွားများ၊ ပြည်ပခရီးသွားများဖြင့် ပြည့်နှက်၍ အလွန်တိုးတက်ဖွံ့ဖြိုးလာမည့် အလားအလာ အလွန်ကောင်းသော ဒေသကြီး ဖြစ်လာတော့မည် ဖြစ်ပါသည်။ ။

ကျော်လင်း(ဆောက်လုပ်ရေး)

> "ထိုကားလမ်းများပြီးရင်တော့ အလွန်လှသော ခါကာဘိုရာဇီဒေသသည် ပြည်တွင်း ခရီးသွားများ၊ ပြည်ပ ခရီးသွားများဖြင့် ပြည့်နှက်၍ အလွန် တိုးတက်ဖွံ့ဖြိုးလာမည့် အလားအလာ အလွန် ကောင်းသော ဒေသကြီး ဖြစ်လာတော့မည်"



ပူတာအိုဒေသမှ ရေခဲတောင်များ။

✻ ကျောဖုံးမှ

တာဝန်ရှိသည်ဟု ခံယူပါကြောင်း၊ ပြည်သူ့အတွက် အစိုးရအနေဖြင့် မည်သည့်အရာများ ဆောင်ရွက်ပေးနေသည် ဆိုသည့်အကြောင်းကို အသိပေးရန်လိုအပ်ပါကြောင်း၊ တစ်ချိန်တည်းတွင် တိုင်းပြည်တွင် ဖြစ်ပျက်နေသည့်အကြောင်းခြင်းရာများ၊ သတင်းများ၊ နိုင်ငံတကာတွင် ဖြစ်ပျက်နေသည့်အကြောင်းခြင်းရာများကို ပြည်သူအား အသိပေးရန် လိုအပ်ပါကြောင်း။

ယင်းမှာ သတင်းအချက်အလက်ပေးသည့် သဘောအပြင် အသိပညာ၊ ဗဟုသုတတိုးပွားအောင် လုပ်ဆောင်ပေးသည့်သဘောဖြစ်ပါကြောင်း၊ နောက်တစ်ခုမှာ အစိုးရပိုင်းကဏ္ဍအသီးသီးတွင် တာဝန်ယူနေသည့် ပုဂ္ဂိုလ်များသိရှိစေရန်နှင့် အများပြည်သူအကြား ပြန့်ပွားရန် အများပြည်သူ၏ သဘောထားအမြင်များကို ဖော်ပြပေးပါကြောင်း၊ အများပြည်သူက တိုင်းပြည်နှင့်ပတ်သက်၍ဖြစ်စေ၊ အစိုးရနှင့်ပတ်သက်၍ဖြစ်စေ ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး သုံးသပ်ဝေဖန်ခြင်း၊ ထောက်ပြခြင်းနှင့် အသိပေးလိုသည်များကိုလည်း မိမိတို့၏ မီဒီယာများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အများပြည်သူသိအောင် ဖော်ပြပေးသည့် အလုပ်ကိုလည်း ဆောင်ရွက်ပါကြောင်း။

ယနေ့ခေတ်ကာလတွင် လူအများအကြား ကူးလူးဆက်ဆံ ဆက်သွယ်မှုများ ပြောင်းလဲလာပါကြောင်း၊ အီလက်ထရွန်နစ်နည်းပညာကို သုံးစွဲပြီး ဆက်သွယ်မှုများ လုပ်ဆောင်လာသည်နှင့်အမျှ မီဒီယာလုပ်ငန်း၏ ပုံသဏ္ဌာန်များလည်း ပြောင်းလဲလာပါကြောင်း၊ ကမ္ဘာတွင် ပုံနှိပ်မီဒီယာသည် ကျဆင်းလာပြီး အီလက်ထရွန်နစ်မီဒီယာ (online media)များ ပိုပြီးအသုံးများလာပါကြောင်း။

သတင်းသည် စာရွက်ပေါ်မှာထက် မိုဘိုင်းဖုန်းပေါ်တွင် အများဆုံးသုံးစွဲလာကြသည့်အတွက် မိမိတို့နိုင်ငံရှိ အခြားပုဂ္ဂလိကမီဒီယာများလည်း အွန်လိုင်းမီဒီယာကို များစွာသုံးစွဲလာကြသည်ကို တွေ့ရပါကြောင်း၊ အများသုံးစွဲနေသည့် နည်းပညာဖြစ်သည့် အီလက်ထရွန်နစ်မီဒီယာ၊ ဒစ်ဂျစ်တယ်သတင်းစာကို ဖြန့်ချိရန်လိုအပ်လာပါကြောင်း၊ ထို့ကြောင့် Myanmar Digital News ကို လုပ်ဆောင်ခြင်းဖြစ်ပါကြောင်း။

Myanmar Digital News ကို စတင်ဖွင့်လှစ်သည့် အချိန်မှစ၍ ကြည့်ရှုကြပြီး အားနည်းချက်များ၊ ချို့ယွင်းချက်များ တွေ့ရှိပါကလည်း ပြင်ဆင်ဆောင်ရွက်သင့်သည်များကို အကြံဉာဏ်ပေးကြရန် တောင်းခံပါကြောင်း၊ မိမိတို့၏ ရည်ရွယ်ချက်သည် လူငယ်မှစ၍လူကြီးအထိ သတင်းစာဖတ်ရုံတင်မက သုတေသနပြုမည့် ပုဂ္ဂိုလ်များအထိ မိမိတို့ Myanmar Digital News မှ အကျိုးကျေးဇူးရှိရန် ရည်ရွယ်ပါကြောင်း၊ ထို့ကြောင့် ကြည့်ရှုပြီးလိုအပ်သည့် အကြံဉာဏ်များပေးကြရန် တောင်းခံပါကြောင်း ပြောကြားသည်။

ထို့နောက် Myanmar Digital News ၏ Online News Portal နှင့် Digital Newspaper တို့ကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ရေးရာကော်မတီများမှ အဖွဲ့ဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ဦးအောင်ရှင်(ခ) မုံရွာအောင်ရှင်၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

Myanmar Digital News ကို ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် Megalink Advanced Technologies ကုမ္ပဏီလီမိတက်တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ကြေးမုံ၊ မြန်မာ့အလင်းနှင့် The Global New Light of Myanmar သတင်းစာများကို Myanmar Digital News မိုဘိုင်းအက်ပလီကေးရှင်းတွင် လွယ်ကူစွာဖတ်ရှုနိုင်ရန် စီစဉ်ထားရှိသည်။ ထို့ပြင် အဆိုပါမိုဘိုင်းအက်ပလီကေးရှင်း၌ သတင်းများ၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုနယ်ပယ်၊ အတွေးအမြင်၊ ရုပ်သံသတင်း၊ တိုင်းရင်းသားရေးရာ၊ မိန့်ခွန်းများ၊ အခြားဖျော်ဖြေရေး ဗီဒီယိုနှင့် ဆောင်းပါးများကိုလည်း တင်ဆက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ကရင်ပြည်နယ် ဘားအံမြို့ လူမှုအခြေပြုဗဟိုဌာန(Community Centre)၌ လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူ့စကားဝိုင်း(Public Talk) များကို ကျင်းပလျက်ရှိရာ 'လူငယ်နှင့်စာပေ' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့ လူမှုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ကရင်ပြည်နယ် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ စာရေးဆရာ မင်းခိုက်စိုးစန်၊ စာရေးဆရာမ နှင်းဝေငြိမ်းနှင့် ဒေသခံ လူငယ်ကိုယ်စားလှယ် မနန်းထက်ထက်လင်းစိုးတို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အထည်အလိပ်ဒီဇိုင်း တီထွင်ဖန်တီးခြင်းနှင့် သင်ကြားရေးနည်းလမ်းများ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်မည်

**မန္တလေး ဇန်နဝါရီ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် ဗြိတိသျှကောင်စီနှင့် ယူကေရှိ Plymouth College of Art (PCA) တို့ပူးပေါင်းကာ အထည်အလိပ်ဒီဇိုင်းတီထွင်ဖန်တီးခြင်းနှင့် သင်ကြားရေး နည်းလမ်းများဆိုင်ရာ သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၌ ဇန်နဝါရီ ၁၁ ရက်မှ ၂၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ လက်ရက်ကန်းကဏ္ဍ ပိုမိုအားကောင်းလာစေရန် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများရှိ လက်ရှိသင်ရိုးညွှန်းတမ်းများကို လေ့လာသုံးသပ်အကဲဖြတ်ရန်နှင့်အဆင့်မြှင့်တင်ရန်၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများမှ ဆရာ ဆရာမများ၏ အရည်အသွေး ပိုမိုမြင့်မားလာစေရန်၊ ရက်ကန်းကျောင်းဆင်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုရရှိစေရန်အတွက် အထည်အလိပ်လုပ်ငန်းကဏ္ဍတွင် ဦးဆောင်သူများနှင့် ကွန်ရက်ချိတ်ဆက်မှုဆိုင်ရာ အခွင့်အလမ်းများ ရရှိစေနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများအနေဖြင့် ၎င်းတို့ကိုယ်တိုင် စူးစမ်းလေ့လာမှုများ ပြုလုပ်ခြင်း၊ ဆရာဆရာမများနှင့် ကျောင်းသားများ ပူးပေါင်းလုပ်ဆောင်ခြင်း၊ ဗဟုသုတအသစ်များ ရှာဖွေခြင်းတို့မှတစ်ဆင့် မိမိကိုယ်ကိုယုံကြည်မှုတိုးတက်လာစေမည်ဖြစ်ပြီး ဆန်းသစ်သော တီထွင်ဖန်တီးမှု အရည်အချင်းများ တိုးတက်လာကာ စီးပွားရေးလုပ်ငန်းများတွင် ဦးဆောင်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အထည်အလိပ်ဒီဇိုင်း တီထွင်ဖန်တီးခြင်းနှင့် သင်ကြားရေးနည်းလမ်းများ အလုပ်ရုံဆွေးနွေးပွဲသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဗြိတိသျှကောင်စီနှင့် Swiss Agency for Development and Cooperation, Embassy of Switzerland တို့မှ သုံးနှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် "လက်ခတ်သံ"ဟု အမည်ပေးထားသည့် စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး ဆွေးနွေးပွဲတွင် အနောက်တိုင်း ဈေးကွက်ပုံစံများကို နားလည်ခြင်း၊ ရိုးရာဒီဇိုင်းပုံစံများကို ဈေးကွက်ပိုမို ရရှိစေရန် ပြုပြင်ပြောင်းလဲခြင်း၊ စူးစမ်းတက်ကြွသော သုတေသီတစ်ဦးဖြစ်လာခြင်းနှင့် ကာလာရောင်စဉ်နှင့် သဘာဝဆိုးဆေးစသည့် အကြောင်းအရာများ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သီသီမင်း**



# ဝါးလက်မှု အသက်မွေးဝမ်းကျောင်း သင်တန်းအမှတ်စဉ်(၇) ဖွင့်ပွဲ ကျင်းပ

**ဇေယျာသီရိ ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းမှ ကြီးမှူးကျင်းပသော ဝါးလက်မှု အသက်မွေးဝမ်းကျောင်း သင်တန်း အမှတ်စဉ်(၇) ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု ဝင်ပြန်ကျေးရွာအနီး Green Gold ဝါးပျိုးဥယျာဉ်၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းက "သင်တန်းဖွင့်လှစ်ရခြင်းရဲ့ ရည်ရွယ်ချက်က ဝါးက သဘာဝအလျောက် ပေါက်တာဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာ ဝါးပင်ကို တန်ဖိုးမထားမိဘဲ ဖြစ်နေပါတယ်၊ ဒါကြောင့် ဒီသင်တန်းကနေ ပရိဘောဂပစ္စည်းတွေ၊ အဆောက်အအုံ ဆောက်လုပ်တာတွေ၊ ဝါးကို ရေရှည်ခံအောင် ပြုလုပ်တာတွေ၊ မီးသွေးဖုတ်နည်းတွေ စတာတွေ တတ်သွားရင် ဝါးနဲ့ပတ်သက်ပြီး လုပ်လို့ရတာတွေကို မြန်မာနိုင်ငံ ဒေသအသီးသီးက သိသွားအောင် ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ပါတယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးလက်တွေအထိ သင်တန်းတွေ ပေးသွားမှာပါ။ ဝါးကနေ ဝင်ငွေ ဘယ်လို ရှာလို့ရတယ်၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဘယ်လို ဖန်တီးပေးတယ်ဆိုတာ သိလာလို့ ဝါးပင်ကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးနေရာကနေ အစုလိုက် အဖွဲ့လိုက် ဝါးစိုက်ပျိုးနိုင်မယ်ဆိုရင် ဝါးနဲ့ပတ်သက်တဲ့ အထပ်သားစက်ရုံ အပါအဝင် စက်ရုံအမျိုးမျိုး တည်ဆောက်နိုင်မှာ ဖြစ်သလို သစ်တွေနေရာကို ဝါးတွေနဲ့ အစားထိုးသွားနိုင်မှာဖြစ်ပါတယ်၊ ပထမဆုံးခြေလှမ်းဖြစ်တဲ့အတွက် ဒီသင်တန်းကနေတစ်ဆင့် တစ်ပိုင်တစ်နိုင်၊ တစ်ပိုင်တစ်နိုင်ကနေ စက်ရုံကြီးတွေ အဆင့်အထိ ဆောင်ရွက်လာနိုင်မယ်၊ တစ်အိမ်ကို ဝါးဆယ်ပင် စီမံကိန်းဆိုပြီး အသင်းကနေ လှူနေတာရှိပါတယ်၊ တစ်အိမ်ကို ဝါးဆယ်ပင်၊ ဝါးတစ်ပင်ကို ဝင်ငွေတစ်သိန်း စတဲ့ ရည်မှန်းချက်တွေနဲ့ စီစဉ်ဆောင်ရွက်နေတာပါ။ အဲဒီလိုဆိုရင် တောင်သူလုပ်ငန်းတွေ ခြေချော် လက်ချော်ဖြစ်ခဲ့ရင် ဒီလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်း ပြုလို့ရအောင် ဒီသင်တန်းကို ပေးရခြင်းဖြစ်ပါတယ်၊ ဝါးလက်မှု အသက်မွေးဝမ်းကျောင်း သင်တန်းကနေ ဝါးထုတ်ကုန်ပစ္စည်းတွေကို နိုင်ငံတကာအထိ တင်ပို့နိုင်အောင် ဆိုတဲ့အထိ ရည်ရွယ်ပြီး ကြိုးစားဆောင်ရွက်နေခြင်း ဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ဝါးမှတစ်ဆင့် အဆောက်အအုံအမျိုးမျိုး ဆောက်လုပ်ခြင်း၊ ပရိဘောဂအမျိုးမျိုးတို့ကို ထုတ်လုပ်ပေးနိုင်ခြင်းတို့အပြင် လူသုံးကုန်ပစ္စည်းများဖြစ်သည့် ဝါးပေါင်းခံဆပ်ပြာရည်၊ ဝါးပေါင်းခံ မျက်နှာသစ်ဆပ်ပြာ စသည်တို့ကိုလည်း ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ယနေ့ကျင်းပသော ဝါးလက်မှု အသက်မွေးဝမ်းကျောင်းသင်တန်း အမှတ်စဉ်(၇)ဖွင့်ပွဲသို့ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစန်းဝင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဝါးစိုက်ပျိုးရေးအသင်း အဖွဲ့ဝင်များ၊ နည်းပြများနှင့် သင်တန်းသား ၃၀ တို့ တက်ရောက်ခဲ့ကြောင်းသိရသည်။

**နိုင်လင်းကြည်**

■

# ရခိုင်ပြည်နယ်တွင် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ၆၆ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပရာ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဌေးအောင်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းကြသည်။



အဆိုပါ အခမ်းအနားတွင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံမှ တစ်ဆင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များနှင့် ပတ်ဝန်းကျင် ကျေးရွာများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန်ဖြစ်ပါကြောင်း၊ ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံ တိုးချဲ့ခြင်းလုပ်ငန်းများကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပါသဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ဓာတ်အားပို့လွှတ်နိုင်ခဲ့ပါကြောင်း။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့သည့် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်း ၂၂ ဒသမ ၆ မိုင် တည်ဆောက်ခြင်း လုပ်ငန်းများကို ၅၀ ဒသမ ၉၇ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁ ရက်က စတင်တည်ဆောက်ခဲ့သည့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ၃၃ ဒသမ ၂၃ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်က စတင်တည်ဆောက်ခဲ့သည့် ၆၆ ကေဗွီ ရသေ့တောင်-ဘူးသီးတောင် ဓာတ်အားလိုင်း ၃၃ ဒသမ ၅ မိုင် တည်ဆောက်ခြင်းလုပ်ငန်းများကို ၈ ဒသမ ၉၇ ရာခိုင်နှုန်းနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်တည်ဆောက်ခဲ့သည့် ၆၆/ ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဘူးသီးတောင် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ၄ ဒသမ ၅၄ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါကြောင်း။

၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်း တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၈ ခုနှစ် မတ်လကုန်တွင် လည်းကောင်း၊ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဘူးသီးတောင် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဇွန်လကုန်တွင် လည်းကောင်း၊ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ မောင်တောဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်တွင် လည်းကောင်း ပြီးစီးအောင် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း- ရသေ့တောင်-ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်း တည်ဆောက်ခြင်း လုပ်ငန်းအတွက် နိုင်ငံတော်ဘတ်ဂျက် ခွင့်ပြုရရှိပြီး ငွေကျပ် ၄၀၅၀ ဒသမ ၀၀၀ သန်းဖြစ်ပြီး တည်ဆောက်ရေးစရိတ် ငွေကျပ် ၃၀၃၅၅ ဒသမ ၃၆ သန်း အကုန်အကျခံတည်ဆောက်လျက်ရှိပါကြောင်း ရှင်းလင်းသည်။

ဆက်လက်၍ အပူစွမ်းအင်သုံး စက်ရုံများဌာန ဓာတ်အားပေးစက်ရုံ စီမံကိန်းများအခြေအနေနှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် မတ် ၂၀ ရက်က ဝန်ကြီးဌာနလက်အောက်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် U-Energy Thaketa Power Company (UREC) (China) တို့ Power Purchase Agreement-PPA စာချုပ်ချုပ်ဆို၍ ဆောင်ရွက်နေသော စီမံကိန်းဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ပထမရက်သတ္တပတ်တွင် စမ်းသပ်မောင်းနှင်ခြင်း ပြုလုပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းပြီးစီးပါက ရန်ကုန်တိုင်းဒေသကြီးအတွင်း သဘာဝဓာတ်ငွေ့ဖြင့် ဓာတ်အားထုတ်လုပ်မှု တိုးမြင့်လာမည်ဖြစ်ပြီး ရေရှည်တည်ငြိမ်ဓာတ်အားပမာဏကို နိုင်ငံတော် ဓာတ်အားစနစ်အတွင်းသို့ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့မဓာတ်အားခွဲရုံတွင် ၃၃ ကေဗွီ Indoor GCB အသစ်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ရာတွင် ဓာတ်အားခွဲရုံမှ ဓာတ်အားပေးထားသော ဓာတ်အားလိုင်းများအား ဓာတ်အားပိတ်ခြင်းမရှိတော့သဖြင့် ဓာတ်အားပြတ်တောက်မှုများ၊ အချိန်ကြာမြင့်ခြင်းများမဖြစ်ပေါ်တော့ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါကြောင်း ရှင်းလင်းသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ချမ်းသာပင်မ ဓာတ်အားခွဲရုံ ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ထရန်စဖော်မာအား ၂၀ အမ်ဗွီအေ ထရန်စဖော်မာဖြင့် အင်အားတိုးမြှင့် တပ်ဆင်ခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းတည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းများ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ရေနံဓာတ်ငွေ့ရည် လက်လီအရောင်းဆိုင်များအား လိုင်စင်(ဃ)နှင့် (င)ထုတ်ပေးမှုအခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံများ အဆင့်မြှင့်တင်တည်ဆောက်ခဲ့သဖြင့် အများပြည်သူများ လျှပ်စစ်ဓာတ်အားပိုမိုတိုးတက်ရရှိပြီး ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်မှုအခြေအနေနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးအတွင်းရှိ ၆၆/၁၁-၆ ဒသမ ၆ ကေဗွီ၊ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ၌ ၆၆ ကေဗွီ CT အစားထိုးလဲလှယ်ပြီး တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် သတင်းမီဒီယာများ၏ မေးမြန်းချက်များအား တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားကြသည်။

**သတင်းစဉ်**

## ခရုလေးများနှင့် ကခုန်ခြင်း ပန်းချီပြပွဲ မန္တလေးတောင်ပန်းချီပြခန်းတွင် ပြသ



**မန္တလေး ဇန်နဝါရီ ၁၁**

ခရုများဖြင့် ပုံဖော်ရေးဆွဲထားသည့် ပန်းချီဆရာ ဦးလုံး၏ ခရုလေးများနှင့် ကခုန်ခြင်း ပန်းချီပြပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်ပန်းချီပြခန်းတွင် ကျင်းပကြောင်း သိရသည်။

"ကြက်စာခရုလေးတွေက စက်နဲ့ကြိတ်ထားတာဆိုတော့ အကြေတွေလည်းပါတယ်၊ အကောင်းလေးတွေလည်းပါတယ်၊ အဲဒီတော့ ကောက်ကြောင်းရေးဆွဲပြီး ခရုလေးတွေပြန်စီပြီး ပန်းချီရေးဆွဲထားခြင်းဖြစ်ပါတယ်၊ ရှုခင်းပုံ၊ ပန်းပုံ၊ လူပုံတို့ကို မြန်မာမှုဆန်ဆန် ရေးဆွဲထားတဲ့ ပန်းချီကားတွေဖြစ်ပါတယ်"ဟု ခရုပန်းချီဆရာ ဦးလုံးက ပြောသည်။

ပြသထားသော ခရုပန်းချီကားများအား တန်ဖိုးအနေဖြင့် ငွေကျပ် ၃၀၀၀၀ မှ ငွေကျပ် ၃၅၀၀၀၀ စသည်ဖြင့် သတ်မှတ်ရောင်းချကြောင်း သိရသည်။

**၀၀၂**

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၄/၂၀၁၈
၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

**ပဲခူးတိုင်းဒေသကြီး ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများအား ယင်းတို့၏ သဘောဆန္ဒအလျောက် တိုင်းဒေသကြီး ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးကျော်မင်းဇံ | သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၂) | ဦးမောင်မောင်လွင် | စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန |

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေပွဲ ကျင်းပသွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၁**

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အထူးအစီအစဉ်အဖြစ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ယိမ်းအကများ၊ တေးသံသာများ၊ ပဒေသာယိမ်းအကများ၊ ဟာသတစ်ခန်းရပ်များဖြင့် ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)တွင် ကျင်းပမည့် ဖျော်ဖြေပွဲအား လာရောက်ကြည့်ရှုလေ့လာကြမည့် အများပြည်သူများ ပိုမို၍ ကြည်နူးပျော်ရွှင်စေရန်အတွက် ရည်ရွယ်ဖျော်ဖြေတင်ဆက်ခြင်းဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ပြည်ထောင်စုတစ်ဝန်း စုစည်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာဓလေ့ထုံးစံနှင့်အညီ နေထိုင်စားသောက်ကြပုံများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ထင်ရှားကျော်ကြားသော စေတီပုထိုးအထိမ်းအမှတ်နေရာများ၊ သဘာဝရှုခင်းများ၊ မြေယာရှုခင်းအလှအပများဖြင့် ပုံဖော်၍ တစ်နေရာတည်းတွင် တစုတဝေးတည်း ကြည့်ရှုလေ့လာ အနားယူ အပန်းဖြေနိုင်ရန် တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## KBZ Bank Women' League ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မြဝတီအသင်း အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women' League ပြိုင်ပွဲ ပွဲစဉ်(၃) တတိယနေ့အဖြစ် အား/ကာသိပ္ပံအသင်းနှင့် လက်ရှိချန်ပီယံ မြဝတီအသင်းတို့ ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ မြဝတီအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် လက်ရှိချန်ပီယံ မြဝတီအသင်းကို ခပ်မာမာတုံ့ပြန်ကစားခဲ့သောကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရပြီး ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းအစတွင် မြဝတီအသင်း ဂိုးစရခဲ့ပြီး ဝင်းသီတာထွန်းက သွင်းယူပေးခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြဝတီအသင်း ဂိုးထပ်ရရန် ကြိုးပမ်းခဲ့သော်လည်း အား/ကာသိပ္ပံအသင်း ကစားပုံကြောင့် ခက်ခက်ခဲခဲကစားခဲ့ရပြီး မိနစ် ၈၀ မှ ဂိုးထပ်ရခဲ့သည်။ မြဝတီအသင်းအတွက် ဒုတိယဂိုးကို ဝင်းသီတာထွန်းကပင် သွင်းယူခဲ့သည်။

ပွဲစဉ်(၃) နောက်ဆုံးနေ့ကို ဇန်နဝါရီ ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဂန္ဓမာအသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၁-၂၀၁၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၉)တွင် ဖော်ပြခဲ့သော မြန်မာနိုင်ငံပြန်တမ်း၊ အပိုဒ် (၃)(က)တွင် "အဆောက်အအုံ ဦးစီးဌာန" အစား "အဆောက်အဦ ဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**

# စက်မှုလုပ်ငန်းရှင်များ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး အစည်းအဝေးတက်ရောက်ရန် ဖိတ်ခေါ်

**ရန်ကုန် ဇန်နဝါရီ ၁၁**

စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနအောက်ရှိ စွမ်းအင်ခြိုးခြံချွေတာရေးဌာနသည် မြန်မာနိုင်ငံလုံးဆိုင်ရာ စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ Energy Efficiency and Conservation Policy, Strategy and Roadmap ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ စွမ်းအင်အကျိုးရှိစွာ သုံးစွဲရေးနှင့် ထိန်းသိမ်းရေး ဥပဒေမူကြမ်းရေးဆွဲရာတွင် စက်မှုလုပ်ငန်းရှင်များ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စက်မှုလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း ဖိတ်ခေါ်လိုက်သည်။



လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပမည်ဖြစ်ရာ အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ကာလတို၊ ကာလရှည် ရည်မှန်းချက်များထားရှိပြီး သတ်မှတ် Energy Intensity လျှော့ချရေးဆိုင်ရာ ရည်မှန်းချက်များပြည့်မီရေးအတွက် စွမ်းအင်အကျိုးရှိစွာ သုံးစွဲရေးနှင့် ထိန်းသိမ်းရေးဥပဒေ (Energy Efficiency and Conservation Law) မူကြမ်းကို ရေးဆွဲပြုစုလျက်ရှိပြီး စက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO)တို့ ပူးပေါင်းကျင်းပမည့် စက်မှုလုပ်ငန်းရှင်များ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ အခန်းနံပါတ် (၄၁၂) ၄ လွှာ အမှတ် (၂၉) မင်းရဲကျော်စွာလမ်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တွင် ကျင်းပမည်ဖြစ်ရာ Energy Management System ဆောင်ရွက်လိုသော စက်ရုံများ၊ Compressed Air နှင့် Steam System များအသုံးပြုနေသောစက်ရုံ၊ အလုပ်ရုံများနှင့် အခြားစိတ်ပါဝင်စားသူ စက်မှုလုပ်ငန်းရှင် မည်သူမဆို တက်ရောက်နိုင်ကြောင်း UNIDO မှ သိရသည်။

အဆိုပါ ဥပဒေမူကြမ်းအောက်တွင် စွမ်းအင်သုံးစွဲမှုများသောစက်ရုံများ (Energy Intensive Industries) သည် စွမ်းအင်စီမံခန့်ခွဲခြင်းဆိုင်ရာ နည်းပညာရပ်များကို အသုံးပြု၍ စွမ်းအင်အကျိုးရှိစွာ သုံးစွဲရေးဆိုင်ရာ အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်ရမည့် အခန်းကဏ္ဍတစ်ရပ် ပါဝင်လာမည်ဖြစ်သည်။ ယင်းအတွက် လိုအပ်သောစွမ်းအင်စီမံခန့်ခွဲမှုဆိုင်ရာနည်းပညာများအား စက်မှုလုပ်ငန်းရှင်များသို့ ဖြန့်ဝေပေးနိုင်ရန် Technical Assistance များ ပံ့ပိုးပေးနေသော နိုင်ငံတကာအဖွဲ့အစည်းများအနက် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (United Nations Industrial Development Organization- UNIDO) နှင့် ပူးပေါင်း၍ Improvement of Industrial Energy Efficiency (IEE) Project ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ IEE Project ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး International Energy Efficiency Experts များဖြင့် စက်မှုလုပ်ငန်းများအတွက် Energy Management နှင့် System Optimization ဆိုင်ရာ သင်တန်းများကိုစာတွေ့၊ လက်တွေ့ ပို့ချပေးခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများတွင် Factory Assessment ပြုလုပ်ပေးခြင်းတို့ဖြင့် Energy Saving ရရှိစေရန် လက်တွေ့လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**၀၀၁**

# Myanmar Idol Season 3 သီချင်းဆိုပြိုင်ပွဲ ထူးခြားသော အစီအစဉ်သစ်များဖြင့် ဆက်လက်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ဂီတဝါသနာရှင်လူငယ်များ၏ အိပ်မက်များကို အမှန်တကယ် လက်တွေ့ဖြစ်လာစေပြီး မြန်မာတစ်နိုင်ငံလုံးမှ ပရိသတ်များ မျှော်လင့်စောင့်စားနေသော မြန်မာနိုင်ငံ၏ မျိုးဆက်သစ် ဂီတအဆိုရှင်များစွာကို မွေးထုတ်ပေးနေသည့် Myanmar Idol Season 3 သီချင်းဆိုပြိုင်ပွဲကို ယခင်နှစ်များနှင့်မတူ ထူးခြားသော အစီအစဉ်သစ်များဖြင့် ဆက်လက်ကျင်းပမည်ဖြစ်သည်။



အဆိုပါပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ရှိ Melia Hotel ၌ ကျင်းပရာ ပြိုင်ပွဲတွင် Winner ဆုရရှိသူအား ငွေကျပ် သိန်း ၅၀၀ နှင့်အတူ တေးစီးရီး Album တစ်ချပ် ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

Myanmar Idol သီချင်းဆိုပြိုင်ပွဲသည် အမေရိကန်နိုင်ငံ၏ အောင်မြင်ဆုံး သီချင်းဆိုပြိုင်ပွဲ American Idol မှ ဆင်းသက်လာသော နိုင်ငံတကာအဆင့် သီချင်းဆိုပြိုင်ပွဲ တစ်ခုဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးမှ ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုဖြင့် Season 1 နှင့် 2 ကို နှစ်ကြိမ်တိုင်တိုင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ ယခုအခါတွင် Season 3 ကို ယခင်နှစ်များနှင့်မတူ ထူးခြားသော အစီအစဉ်သစ်များဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲ၏ အသံစစ်ဆေးမှုများကို မြန်မာနိုင်ငံ၏ မြို့ကြီးပြမြို့ဖြစ်သည့် မန္တလေး၊ တောင်ကြီး၊ မကွေး၊ ပုသိမ်၊ ရန်ကုန်မြို့များတွင် ပြုလုပ်သွားမည်ဖြစ်ရာ မန္တလေးမြို့တွင် ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက်၊ တောင်ကြီးမြို့တွင် ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်၊ မကွေးမြို့တွင် ဖေဖော်ဝါရီ ၅ ရက်နှင့် ၆ ရက်၊ ပုသိမ်မြို့တွင် ဖေဖော်ဝါရီ ၁၃ ရက်နှင့် ရန်ကုန်မြို့တွင် ဖေဖော်ဝါရီ ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်များတွင် အသံစစ်ဆေးလူရွေးချယ်သွားမည်ဖြစ်သည်။

အဆိုပါမြို့ကြီးငါးမြို့နှင့် နီးစပ်သော မုံရွာ၊ မိုးကုတ်၊ ကလော၊ အင်းလေး၊ ပုဂံ၊ ရေနံချောင်း၊ ပြည်၊ တောင်ငူ၊ ဘားအံ၊ မော်လမြိုင်၊ ပဲခူး စသည့် မြို့ ၁၁ မြို့သို့လည်း Mobile Casting အဖွဲ့ဖြင့် လည်းကောင်း၊ အစီအစဉ်သစ်တစ်ရပ် အနေဖြင့် မြစ်ကြီးနား၊ ကျိုင်းတုံ၊ လားရှိုး၊ စစ်တွေနှင့် မြိတ်မြို့များသို့ Flight Casting အဖွဲ့ဖြင့် သွားရောက်ကာ အသံစစ်ဆေး လူရွေးချယ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဒိုင်လူကြီးများအဖြစ် အကဲဖြတ်ပေးမည့် အနုပညာရှင်များမှာ နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်၊ အကယ်ဒမီများရှင် ရန်အောင်၊ ဂီတပညာရှင် မျိုးကျော့မြိုင်နှင့် နိုင်ငံကျော်အဆိုတော် တင်ဇာမော်တို့က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ခွင့် လျှောက်လွှာများကို ပူးတွဲစာရွက်တွင် ပါရှိသော SKY NET RSP ရုံးများနှင့် အသံစစ်ဆေးမှုပြုလုပ်မည့် မြို့ကြီးများရှိ SKY NET နယ်မီဒီယာရုံးခွဲများတွင်လည်း ရုံးချိန်အတွင်း မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများပြသကာ အခမဲ့ထုတ်ယူနိုင်သည်။

ထို့အပြင် ပြိုင်ပွဲကျင်းပမည့်နေ့၏ ပြိုင်ပွဲကျင်းပရာနေရာတွင် ပြိုင်ပွဲဝင်ခွင့် လျှောက်လွှာများကို အခမဲ့ထုတ်ယူ၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ဝါသနာရှင်များအနေဖြင့် မိမိ၏မြို့နယ်အတွင်း ယှဉ်ပြိုင်မည့်ရက်တွင် ပါဝင်ခြင်းမရှိခဲ့လျှင် အခြားမြို့နယ်များ၏ ပြိုင်ပွဲများတွင် လာရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် Golden View Tower ဦးအောင်မြတ်လမ်းနှင့် ၁၂၃ လမ်းထောင့်၊ ပထမထပ်၊ အမှတ်(၂၃) တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ (People Life For Development Party)** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားချက်အရ ယင်းပါတီက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပြီး အများပြည်သူကန့်ကွက်နိုင်ကြောင်း ၁၆-၁၁-၂၀၁၇ ရက်နေ့ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ ယင်းအဖွဲ့အစည်း၏ အလံနှင့်တံဆိပ်တို့အား ကန့်ကွက်မှုရှိခဲ့သည့်အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ရာတွင်လည်း ယင်းအလံနှင့် တံဆိပ်တို့ကို ဆက်လက်အသုံးပြုရန် မသင့်လျော်ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာပါတီကို ခေါ်ယူတွေ့ဆုံ၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီအလံနှင့် တံဆိပ်တို့ကို ပြင်ဆင်စေခဲ့ပါသည်။

၃။ သို့ပါ၍ **ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ (People Life for Development Party)** က ပြင်ဆင်တင်ပြလာသည့် ယခုဖော်ပြပါ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ (People Life for Development Party)၏ အလံပုံစံ**



**ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ (People Life for Development Party)၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်မြို့မဈေးကြီးနှင့် အောင်မင်္ဂလာဈေးတို့တွင် မီးဘေးကြိုတင်ကာကွယ်ရေး ဆက်တိုက်လေ့ကျင့်

**ပြည် ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးနှင့် အောင်မင်္ဂလာဈေးတို့တွင် ပွင့်လင်းရာသီအဖွဲ့ပိုင်ဈေးများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၇ ရက်က မီးငြိမ်းသတ်ရေး သရုပ်ပြဆက်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်၊ အမှုဆောင်အရာရှိ သူရဦးမြင့်သူ၊ ပြည်ခရိုင် မီးသတ်ဦးစီးမှူး ဦးအေးကျော်နှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မီးသတ်ယာဉ်များဖြင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြသစဉ်။

**၀၄၃**



# ရခိုင်ပြည်နယ်သတင်း

## UEHRD ဦးဆောင်၍ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)ဦးဆောင်၍ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပြန်လည်စိစစ်လက်ခံရေးစခန်းသုံးခု ဖွင့်လှစ်၍ တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် အစ္စလမ်ဘာသာဝင်များအား ပြန်လည်နေရာချထားနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်လက်ခံရေးစခန်းများအဖြစ် တောင်ပြိုလက်ဝဲ၊ ငါးခူရနှင့် လှဖိုးခေါင် ကြားစခန်းတို့တွင် UEHRD ၏ ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဟိန္ဒူဘာသာဝင်များ ပြန်လည်နေရာချထားနိုင်ရေးအတွက် အိုးထိန်း၊ မြို့မအရှေ့၊ ကြိမ်ချောင်း၊ တောင်ပြို၊ မြို့မိချောင်း၊ ရွှေဇား၊ မြို့ဦးနှင့် လေးမိုင်တို့တွင် လူနေအိမ်များ ဆောက်လုပ်လျက်ရှိသည်။

ဒေသခံတိုင်းရင်းသားများအတွက် သစ်တုံးနားခွဆုံ(မြို)ရွာ၊ ခုံတိုင်(မြို)ရွာ၊ ဇော်မတက်အုပ်စု၊ ပဒကားရွာသစ်၊ အောင်စစ်ပြင်အုပ်စု တောင်ပြိုကားလမ်းဘေး၊ ဖော်တီတောင်(မရမာ)မူလကျေးရွာ၊ နံ့သာတောင်(ရခိုင်) မူလကျေးရွာ၊ သက်တိုင်ညာ(သက်)မူလကျေးရွာ၊ အောင်သပြေရွာ၊ အောက်ပြူးမနှင့် ခမောင်းဆိပ်မြို့အနီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ တပ်မတော်၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် အလှူရှင်များက လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ တည်ဆောက်ပေးလျက်ရှိကာ စေတီများလည်း တည်ထားပေးလျက်ရှိသည်။

အစ္စလမ်ဘာသာဝင်များအတွက်လည်း ကျေးရွာများတွင် လူနေအိမ်များ ဆောက်လုပ်ပေးလျက်ရှိသည်။

ယခုအခါ ကြိုတင်ပြင်ဆင်မှုများ ထိုက်သင့်သလောက် ပြီးစီးလျက်ရှိပြီး ပြန်လည်လက်ခံမည့်အချိန် အသင့်ရှိနေစေရေး တာဝန်ရှိသူအဆင့်ဆင့်က အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီကတစ်ဆင့် နိုင်ငံတော်အစိုးရကိုတင်ပြပြီး ဆရာ ဆရာမ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ မျှော်လင့်

**ဦးရဲသီဟကျော်**

**အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ နော်မြစေးနှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က မောင်တောမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ဒေသခံများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ လက်ရှိမောင်တောမြို့၏ ပညာရေးအခြေအနေ၊ ရှေ့ဆက်လုပ်ဆောင်သွားမည့် ပညာရေးမြှင့်တင်ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်-**


နော်မြစေး


ဒေါ်စိုးစိုး


ဦးဝေစိန်အောင်


ဦးရဲသီဟကျော်


ဦးနေမျိုးနိုင်

**နော်မြစေး**
**(ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ)**

အခုလို တွေ့ဆုံပွဲတွေ ပြုလုပ်ပေးခြင်းဟာ ဆရာ ဆရာမတွေအတွက် စိတ်ဓာတ်အား မြှင့်တင်ပေးတဲ့သဘောပါ၊ ဒီတွေ့ဆုံပွဲမှာ ဆရာ ဆရာမတွေရဲ့ တင်ပြချက်တွေနဲ့ ပတ်သက်ပြီး ပြည်ထောင်စုအဆင့်တွေကိုလည်း ဆက်လက်တင်ပြမယ်၊ မောင်တောမြို့ ပညာရေးမြှင့်တင်မှုအတွက် လွှတ်တော်ပိုင်းအနေနဲ့ ညှိနှိုင်းပေးတဲ့ သဘောပါ၊ ဘယ်လိုဆောင်ရွက်ပေးမလဲ၊ ဘယ်လောက်ထိလုပ်ပေးနိုင်မလဲဆိုတာတော့ ပညာရေးဝန်ကြီးဌာနနဲ့ ပြန်ညှိနှိုင်းပေးရမှာဖြစ်ပါတယ်။

**ဒေါ်စိုးစိုး(အထက်တန်းပြ၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း)**

မောင်တောမြို့ရဲ့ ပညာရေးမြှင့်တင်မှုအပိုင်းအနေနဲ့ ကျောင်းသား၊ မိဘ၊ တာဝန်ရှိသူတွေပေါင်းပြီး လုပ်ကြရမယ်လို့ထင်တယ်၊ ဒီလိုတွေ့ဆုံပွဲ လုပ်ပေးခြင်းအားဖြင့် မောင်တောမြို့ရဲ့ အခြေအနေကို အထက်က တာဝန်ရှိသူတွေလည်း သိသွားမယ်၊ ဒီလိုသိသွားပြီး လိုအပ်တာတွေ ဖြည့်ဆည်းပေးနိုင်မယ်ဆိုရင် တိုးတက်လာမယ်လို့ ထင်ပါတယ်၊ နောက်ပြီး ဆရာ ဆရာမတွေအတွက် ကျောင်းကားတွေ ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် သွားလာရေးအဆင်ပြေသွားမှာ ဖြစ်ပါတယ်၊ မဖွင့်နိုင်သေးတဲ့ ကျောင်းတွေတောင် သွားလာရေးအဆင်ပြေမယ်၊ လုံခြုံရေးအဆင်ပြေမယ်ဆိုရင် ကလေးတွေ ပညာသင်ဖို့ အဆင်ပြေလာမယ်လို့ မြင်ပါတယ်၊ လက်ရှိအခြေအနေကတော့ သွားလာရတာ အဆင်မပြေဘူး၊ ဖြစ်စဉ်ပြီးတဲ့ နောက်ပိုင်းမှာ ကားခတွေ ဈေးကြီးသွားတယ်၊ School Bus တွေ စီစဉ်ပေးမယ်ဆိုရင် ဆရာ ဆရာမတွေအတွက် သွားလာရေး အဆင်ပြေမယ်၊ လမ်းစရိတ်တွေလည်း အဆင်ပြေသွားမှာပါ။

**ဦးဝေစိန်အောင်**
**(စစ်တွေမြို့၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်)**

အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက လွှတ်တော်ပိတ်ရက်အတွင်းမှာ စစ်တွေ၊ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ဒေသတွေမှာ ပညာရေးနဲ့ သက်ဆိုင်တဲ့ကိစ္စတွေ သွားရောက်ပြီးတော့ လုပ်ဆောင်ချင်ပါတယ်ဆိုပြီး ဥက္ကဋ္ဌဆီမှာ ခွင့်တောင်းတယ်၊ ခွင့်ပြုချက်ရတော့ ဇန်နဝါရီ ၆ ရက်မှာ နေပြည်တော်က စထွက်ပါတယ်၊ ၈ ရက်မှာ စစ်တွေမြို့ ပြည်နယ်၊ ခရိုင်ပညာရေးမှူးတွေ၊ ပညာရေးဝန်ထမ်းတွေနဲ့ တွေ့ဆုံခဲ့ပါတယ်၊ တွေ့ဆုံပွဲမှာ အပြန်အလှန် ဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်၊ အဲဒီနေ့မှာပဲ စစ်တွေတက္ကသိုလ်က ပါမောက္ခချုပ်နဲ့ တာဝန်ရှိသူတွေကိုတွေ့ဆုံပြီး လိုအပ်တာတွေ ဆွေးနွေးပါတယ်၊ ဒ့ါအပြင် စစ်တွေမြို့ပေါ်က နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်က ဆရာ ဆရာမတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီး အင်္ဂလိပ်ခေတ်ကတည်းက အထင်ကရကျောင်းဖြစ်တဲ့ အထက(၂)ကို သွားရောက်လေ့လာခဲ့ပါတယ်။

၉ ရက်မှာ ရသေ့တောင်၊ ဘူးသီးတောင်မြို့နယ်မှာရှိတဲ့ ပညာရေးဝန်ထမ်းတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ ပညာရေးဝန်ထမ်းတွေက သူတို့မြို့နယ်မှာ ပဋိပက္ခဖြစ်စဉ်တွေကြောင့် ကျောင်းတွေ ပိတ်ထားရတာတွေ၊ ပြီးတော့ ဆရာ ဆရာမ လစ်လပ်နေမှုကို ဖြည့်ဆည်းပေးဖို့ဆိုတဲ့ သူတို့ကြုံတွေ့နေရတဲ့ အခက်အခဲတွေ တင်ပြပါတယ်။

**ဦးရဲသီဟကျော်**
**(ကျောင်းဆရာ၊ အမက(ခွဲ)ခူတိုင်)**

အခုလို အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီက လာရောက်တွေ့ဆုံပေးတာ ကောင်းပါတယ်၊ မောင်တောမြို့နယ်မှာက ပဋိပက္ခဖြစ်စဉ်တွေကြောင့် ပညာရေးစနစ်ကို နိမ့်ကျစေပါတယ်၊ နောက်ပြီးတော့ ဆရာ ဆရာမအင်အားနဲ့ ကျောင်းသား အချိုးက မမျှတဘူးဖြစ်နေတယ်၊ အဲဒါကြောင့် လိုအပ်နေတဲ့ ဆရာ ဆရာမတွေ ဖြည့်ဆည်းပေးဖို့ တင်ပြခဲ့ပါတယ်၊ ကျေးရွာတွေဘက်မှာ စာသင်ပေးရတာက မြို့ပေါ်ကျောင်းတွေနဲ့ မတူဘူး၊ အခက်အခဲတွေရှိတယ်၊ မိဘတွေက သူတို့သားသမီးတွေကို ပညာရေးဘက်မှာ အားပေးတာ မရှိသလောက်ရှားတယ်၊ ကျောင်းသား ကျောင်းသူတွေကလည်း ပညာရေးဘက်မှာ စိတ်ဝင်စားမှုနည်းပါတယ်၊ နောက်ပြီးတော့ ဆရာ ဆရာမလိုအပ်ချက်တွေ ဖြည့်ဆည်းပေးဖို့ အလွန်အရေးကြီးပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ နယ်ဘက်ကကျေးရွာမှာရှိတဲ့ အထက်တန်းကျောင်း(ခွဲ)မှာဆိုရင် စုစုပေါင်း ဆရာ ဆရာမ သုံးယောက်ပဲရှိတဲ့အတွက်ကြောင့် ကလေးတွေ စာတတ်မြောက်ဖို့ သင်ကြားရေးအပိုင်းမှာ လိုအပ်ချက်တွေ ရှိနေပါတယ်၊ အဲဒါကြောင့် ဒီနေ့ရောက်ရှိလာတဲ့ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက တာဝန်ရှိသူတွေကတစ်ဆင့် နိုင်ငံတော်အစိုးရကို တင်ပြပြီး ဆရာ ဆရာမ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ မျှော်လင့်ထားပါတယ်။

**ဦးနေမျိုးနိုင်**
**(ကျောင်းဆရာ၊ အမက(ခွဲ) ခူတိုင်)**

အခုလိုမျိုး အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီက တာဝန်ရှိသူတွေ လာရောက်တွေ့ဆုံတဲ့အတွက် ဆရာ ဆရာမတွေအနေနဲ့ ပညာရေးဘက်မှာ ပိုမိုအာရုံစိုက်ပြီး လုပ်ဆောင်လာမယ်လို့ မျှော်လင့်ပါတယ်၊ ပဋိပက္ခတွေဖြစ်နေတဲ့ အနေအထားမှာ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေအားလုံးက စိုးရိမ်ထိတ်လန့်မှုကြောင့် သင်ကြားမှု သင်ယူမှုအပိုင်းမှာ အာရုံစိုက်လို့ မရသေးပါဘူး၊ လုံခြုံမှုမရှိဘူးဆိုတဲ့စိတ်တွေ၊ ကြောက်စိတ်တွေကြောင့် ဖြစ်ပါတယ်၊ အခုဖြစ်နေတဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေကို ကုစားဖို့ဆိုရင် အချိန်ပေးရမှာပါ၊ ဇန်နဝါရီ ၅ ရက်က ဖြစ်စဉ်ကြောင့် စိုးရိမ်ထိတ်လန့်မှုကို ပိုမိုဖြစ်စေပါတယ်၊ လုံခြုံမှုရှိတယ်ဆိုတဲ့ စိတ်ခံစားချက်ကို ရာနှုန်းပြည့် ယုံကြည်မှုရလာအောင် တာဝန်ရှိသူတွေအနေနဲ့ လုပ်ဆောင်ပေးရင် ပိုကောင်းမယ်လို့ ထင်ပါတယ်။

**တွေ့ဆုံမေးမြန်း- အောင်ရဲသွင်၊ ကိုမင်း**
**ဓာတ်ပုံ- အောင်မင်း**

## စစ်တွေမြို့၌ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာပေး

**စစ်တွေ ဇန်နဝါရီ ၁၁**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် တောင်သူများအား ဟင်းသီးဟင်းရွက် တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရာတွင် အသိပညာပေးနေသော မာစီကော့(ပ်)အဖွဲ့မှ စစ်တွေမြို့၌ စိုက်ပျိုးရေးမျိုးစေ့ခြံအတွင်း စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်စိုက်ခင်းသို့ စစ်တွေမြို့နယ် ဇော်ပူဂျာကျေးရွာမှ စီးပွားဖြစ်ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တောင်သူ ၂၀ နှင့် ပေါက်တောမြို့နယ် မြင့်ဂါကျေးရွာမှ စီးပွားဖြစ် ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တောင်သူ ၂၀ အား ယနေ့နံနက်ပိုင်းတွင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အသိပညာပေးကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးရေးမျိုးစေ့ခြံအတွင်း စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်စိုက်ခင်းသို့ လာရောက်လေ့လာကြသည့် တောင်သူများကို ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် မြေပြုပြင်ခြင်း၊ မျိုးပြောင်းလဲစိုက်ပျိုးခြင်း၊ နည်းပညာပြောင်းလဲကျင့်သုံး ဆောင်ရွက်ခြင်းတို့ဖြင့် ရရှိနိုင်မည့်အားသာချက်နှင့် အကျိုးအမြတ်များကို မာစီကော့(ပ်)နှင့် မြားနီမျိုးစေ့ကုမ္ပဏီဝန်ထမ်းများက အသေးစိတ် ရှင်းလင်းပြောကြားသည်။ ထို့ပြင် စိုက်ခင်းအတွင်း စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များကို လေ့လာကြပြီး သိရှိလိုသည့် အကြောင်းအရာများ မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ယခုလအတွင်း မြောက်ဦးမြို့၌ စိုက်ပျိုးရေးပြပွဲ၊ နည်းပညာပေး ဟောပြောဆွေးနွေးပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးပညာရှင်များ၊ စီမံကိန်းမြို့နယ်များမှ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ၊ ဟင်းသီးဟင်းရွက်ကို လက်လီဝယ်ယူရောင်းချဖြန့်ဖြူးသူများ ပါဝင်ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက်ပြိုင်ပွဲ၊ စိုက်ပျိုးရေးကုမ္ပဏီများ၏ပြခန်းများလည်း ပါဝင်ပြသမည်ဖြစ်ကြောင်း မာစီကော့(ပ်)အဖွဲ့မှ Area Coordinator ဦးသိန်းလှက ပြောသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# မရမ်းကုန်းမြို့နယ်အတွင်း စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေအတွင်း ဇန်နဝါရီ ၁၀ ရက် ညပိုင်းက စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၀ ရက် ည ၇ နာရီခွဲက အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း မရမ်းစုမေတ္တာလမ်းထိပ်၌ ဦးအေးသွင်(၄၅)နှစ်မှာ တစ်ရပ်ကွက်တည်းနေ ကိုကြည်ခိုင်(၄၁)နှစ်နှင့် ရန်ဖြစ်ရာမှ ဝဲဘက်ရင်အုံတွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲဘက်ရင်ညွန့်တွင် ကြက်သွန်လှီးသည့် စတီးဓား တန်းလန်းနှင့်အတူ လဲကျသေဆုံးနေကြောင်း သိရသည်။

ဓားဖြင့်ထိုးသူ ကိုကြည်ခိုင်အား ဥပဒေအရ အရေးယူဆောင်ရွက်ပေးပါရန် သေဆုံးသူ၏ ဇနီးဖြစ်သူ ဒေါ်မိုးမိုးသူက တိုင်တန်းသဖြင့် ဘုရင့်နောင်နယ်မြေ ရဲစခန်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးစစ်ဆေးပြီး အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ညီညီ(သမိုင်း)**



# တရားမဝင် သယ်ဆောင်လာသော ပေါင်းသတ်ဆေး၊ ရွက်ဖျန်းဆေးများ ရေပူစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**ရန်ကုန် ဇန်နဝါရီ ၁၁**

မန္တလေးမြို့သို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးလျက်ရှိရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိဘဲ သယ်ဆောင်လာသည့် ပေါင်းသတ်ဆေး၊ ရွက်ဖျန်းဆေးများအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် ဇန်နဝါရီ ၁၀ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မန္တလေးသို့ သွားရောက်မည့် ယာဉ်ငယ်နှစ်စီးအား တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပေါင်းသတ်ဆေး ဖာ ၂၀ (10 Kg) နှင့် ရွက်ဖျန်းဆေး ၁၂ ဖာ (5 Kg)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးစစ်ဆေးလျက်ရှိရာ မြန်မာနိုင်ငံအထက်ပိုင်းတွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မြန်မာနိုင်ငံအောက်ပိုင်းတွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင် ကုန်စည်တားဆီးနိုင်ခဲ့မှု လေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၆၄၅ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတွင် တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၀၄၄ သန်းခန့်) စုစုပေါင်း တားဆီးနိုင်ခဲ့မှု ခုနစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၆၈၉ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ ဇန်နဝါရီ ၁၀ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၉၇ စီး၊ သွင်းကုန် ၉၄၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန် ၁၅၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**၀၀၁**

# တရားမဝင် သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိ

**ကာမိုင်း ဇန်နဝါရီ ၁၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ကာမိုင်းမြို့ ကပ်မော်ဇွပ်ကျေးရွာအုပ်စု နန့်တိမ်းအခြေပြုနယ်မြေခံတပ်စခန်းတွင် ဇန်နဝါရီ ၁၀ရက် ညနေ ၄ နာရီခွဲက တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကာမိုင်းမြို့ ကပ်မော်ဇွပ်ကျေးရွာအုပ်စု နန့်တိမ်းအခြေပြုနယ်မြေခံတပ်စခန်း စစ်ဆေးရေးဂိတ်တွင် ဖားကန့်ဘက်မှ မြစ်ကြီးနားဘက်သို့ ဗန်းမော်မြို့ အောင်ပြည်သာရပ်ကွက်နေ သိုက်ထွန်း(၃၉)နှစ် မောင်းနှင်လာသည့် တုန်ဖုန်းအမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် ပီပါအခွံအဟောင်းများ ဖုံးအုပ်လျက် အဝါရောင်ပီနံအိတ်များနှင့် ထည့်ထားသည့် ကျောက်စိမ်းအရိုင်းတုံး ၆၈၃ တုံး (အလေးချိန် ၁၅၆၀ ကီလိုဂရမ်)အား သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သိုက်ထွန်းအား ကာမိုင်းနယ်မြေရဲစခန်းတွင် ကျောက်မျက်ဥပဒေဖြင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**





ဇန်နဝါရီ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် (၉၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဒဂုံဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင် ပြည်သူများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေး ဟောပြောဆောင်ရွက်ခဲ့စဉ်။

ကြေးမုံ

# ခွင့်ပြုချက်မပါဘဲ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်းမှ ပိတောက်သစ်များ သယ်ဆောင်လာသူ ၁၀ ဦးကို အမှုဖွင့်အရေးယူ

**မုံရွာ ဇန်နဝါရီ ၁၁**

အလောင်းတော်ကဿပအမျိုးသားဥယျာဉ်အတွင်းမှ ခွင့်ပြုချက်တစ်စုံတစ်ရာ မပါရှိဘဲ ငွေကျပ် ခုနစ်သိန်း ခုနစ်သောင်းကျော် တန်ဖိုးရှိ ၁ ဒသမ ၂၈၉ တန် ပိတောက်သစ်ခွဲသား ၁၀ ချောင်းကို နွား ၁၀ ရှဉ်းဖြင့် သယ်ဆောင်သူ ၁၀ ဦးကို တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေဖြင့် ကနီမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၉ ရက် မွန်းတည့် ၁၂ နာရီကျော် က ကနီမြို့နယ် ကျောက်မြောင်းချောင်းအနီးတွင် ယင်းမာပင်မြို့နယ် ဝင်းကုန်းကျေးရွာမှ မနီလာဝင်း အပါအဝင် တစ်ရွာတည်းနေ ၁၀ ဦးသည် နွား ၁၀ရှဉ်းဖြင့် ၁ ဒသမ ၂၈၉ တန်ရှိ ပိတောက်သစ်ခွဲသား ၁၀ ချောင်း (တန်ဖိုးငွေကျပ် ၇၇၃၄၀၀)ကို သယ်ဆောင်လာကြောင်း တွေ့ရသဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်းမှ ခွင့်ပြုချက်တစ်စုံတစ်ရာမပါရှိဘဲ ပိတောက်သစ်များ သယ်ဆောင်ခဲ့သည်ကို တွေ့ရသဖြင့် မနီလာဝင်း အပါအဝင် ၁၀ ဦးကို အရေးယူပေးပါရန် ဇန်နဝါရီ ၁၀ ရက် ညနေပိုင်းက တောအုပ်ကြီး မြင့်လှိုင်က တရားလိုပြုလုပ်တိုင်တန်းခဲ့သည်။ တရားလိုပြုတိုင်တန်းချက်အရ ကနီမြို့မရဲစခန်းက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေအရ အမှုဖွင့်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း မီးအချက်ပြမှုမှန်ကန်စွာ အသုံးပြုနိုင်ရေး အသိပေးနှိုးဆော်ချက်

၁။ နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏ လက်ယာဘက်မီးဖြင့် မှန်ကန်စွာ အချက်ပြခြင်းကို ၁-၉-၂၀၁၇ ရက်နေ့ နံနက် ၆ နာရီမှ စတင်၍ တစ်နိုင်ငံလုံးရှိ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌ ယာဉ်မောင်းအများစုက လက်ခံ ပြောင်းလဲကျင့်သုံးနေကြပြီဖြစ်ပါသည်။

၂။ သို့သော် ကားကြီးယာဉ်မောင်းအချို့ အပါအဝင် ယာဉ်မောင်းအချို့သည် အမှန်မီးအချက်ပြမှုစနစ်ကို ပြောင်းလဲလိုက်နာကျင့်သုံးမှုမရှိဘဲ လွဲမှားနေဆဲဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ အများပြည်သူသွားရောက်လိုသည့် ခရီးစဉ်တစ်လျှောက် ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဖော်ပြပါအချက်ပြမီးစနစ်အမှန်အား ရာနှုန်းပြည့် တစ်ပြေးညီ လိုက်နာကျင့်သုံးရေးသည် လွန်စွာအရေးပါသည့်အချက်ဖြစ်ပါသည်။

၃။ သို့ပါ၍ ယာဉ်မောင်းတိုင်းက နောက်မှကျော်တက်လိုသော မော်တော်ယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏လက်ယာဘက်မီးဖြင့် မှန်ကန်စွာအချက်ပြခြင်းကို ပိုမိုအလေးထားလိုက်နာ ကျင့်သုံးကြပါရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမှန်ဖြစ်စေရေး ပူးပေါင်းဆောင်ရွက်ကြပါရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**



**ဒီဇင်ဘာ ၈ ရက်က နေပြည်တော် ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သော စစ်ရေးပြနှင့် လက်နက်ငယ် ကျွမ်းကျင်မှုလုပ်ငန်းခွင်(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၁၈)သင်တန်း ဖွင့်ပွဲတွင် နေပြည်တော်ရဲတပ်ဖွဲ့ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စိုးလင်းအောင် သင်တန်းဖွင့်မိန့်ခွန်းပြောကြားစဉ်။**

ကြေးမုံ

# လယ်တဲတွင် အခြေပြု၍ မူးယစ်ဆေးဝါး ရောင်းချနေသူအား ဝင်ရောက်ဖမ်းဆီး

**အင်းတော် ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်းဘေး ကြိမ်ချောင်းကျေးရွာအနီး၌ လယ်တဲတွင် မူးယစ်ဆေးဝါးများ ရောင်းချနေသည့် သတင်းအရ ရှောင်တခင်ဝင်ရောက်ရှာဖွေရာ ငွေကျပ်သိန်း ၂၀၀ ခန့်တန်ဖိုးရှိ ဘိန်းဖြူနှင့်စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်းဘေး ကြိမ်ချောင်းကျေးရွာအနီး၌ မင်းဆက်(၂၈)နှစ် အင်းတော်မြို့နယ် မဲဇာကျေးရွာအုပ်စု နန့်သဲကျေးရွာနေသူ၏ လယ်တဲကို မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ ရဲအုပ်ကျော်စိုးလင်း ဦးစီးတပ်ဖွဲ့ဝင်များက ဝင်ရောက်စစ်ဆေးရှာဖွေရာ ကသာမြို့နယ် ကူးကာကျေးရွာအုပ်စု ပိန်းလဟာကျေးရွာနေ ထွန်းဝေအောင်(၂၇) နှစ်နှင့် အတူတွေ့ရှိရပြီး ထွန်းဝေအောင်၏လွယ်အိတ်အတွင်းမှ ဘိန်းဖြူထည့်ထားသည့် ဆပ်ပြာခွက် သုံးခွက်၊ ကော်ပုလင်းတစ်လုံးအတွင်းမှ ဘိန်းဖြူ ၂၉ ဂရမ်နှင့် WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၃၄၀၇ ပြားနှင့် မူးယစ်ဆေးဝါးရောင်းချရာတွင် အသုံးပြုသော OPPO အမျိုးအစား ဖုန်းဟန်းဆက်တစ်လုံး၊ YINXIANG-125 မော်တော်ဆိုင်ကယ်တစ်စီးအား သက်သေများရှေ့တွင် သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းဆက်နှင့် ထွန်းဝေအောင်တို့နှစ်ဦးအား အင်းတော်ရဲစခန်းတွင် မူးယစ်ဆေးဝါးပုဒ်မဖြင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# အာဆင်နယ်တွင် ဆန်းချက်ဇ် ဆက်နေရန် ဆန္ဒရှိကြောင်း ဝင်းဂါး ဖွင့်ဟ



အာဆင်နယ်နည်းပြ ဝင်းဂါးသည် တိုက်စစ်မှူး ဆန်းချက်ဇ်ကို ကာရာဘရိုဖလားပြိုင်ပွဲတွင် အရန်ခုံ၌ ထိုင်ခိုင်းခဲ့သော်လည်း အသင်းတွင် ဆက်ရှိနေစေရေး လိုလားကြောင်း ဖွင့်ဟခဲ့သည်။ လာမည့် ဇွန်လတွင် အာဆင်နယ်နှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ဆန်းချက်ဇ်ကို ဒုတိယပိုင်းရောက်မှသာ လူစားလဲ ကစားသမားအဖြစ် အသုံးပြုခဲ့သော်လည်း ဝင်းဂါးက "ကျွန်တော် သူ့ကို ကာလရှည် ဆက်ရှိစေလိုပါတယ်၊ သူ အခု ဒါမှမဟုတ် ဇွန်လရောက်မှ ကျွန်တော်တို့နဲ့ စာချုပ်သစ် လက်မှတ်ရေးထိုးမယ်ဆိုလည်း ဒါက ပြဿနာ မဟုတ်ပါဘူး"ဟု ပြောကြားခဲ့သည်။

ဆန်းချက်ဇ်ကို မန်စီးတီးကလည်း ခေါ်ယူရန် ချိတ်ဆက်နေပြီး ယခု ဇန်နဝါရီ စျေးကွက်အတွင်းမှာပင် အသင်းပြောင်းမည်ဟု သတင်းထွက်နေသူဖြစ်သည်။ ထို့ကြောင့် ဆန်းချက်ဇ် အနေဖြင့် အာဆင်နယ်အတွက် ရာနှုန်းပြည့် အာရုံမစိုက်နိုင်ဟု ယူဆမှုများရှိနေသော်လည်း ဝင်းဂါးက ယင်းသို့သော ယူဆချက်များမှာ ဆန်းချက်ဇ်အကြောင်း ဂဃနဏ မသိခြင်းကြောင့်သာဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။ ဝင်းဂါးက "သူ ဒီနေ့ ဘယ်လိုလာသလဲ ခင်ဗျားတို့ မြင်ကြလား၊ သူ ဘယ်လို သွေးပူလေ့ကျင့်ခန်းလုပ်လဲ၊ သူက ဘောလုံးသိပ်ကစားချင်တဲ့ ကစားသမားပါ၊ သူက ပြင်ပနေထိုင်မှုနဲ့ ကွင်းအတွင်း ကွဲပြားအောင် စွမ်းဆောင်နိုင်သူပါ" ဟု တုံ့ပြန်ခဲ့သည်။

**မေလဲ့သင်း - ရေးသားသည်**



# သြစတြေးလျအိုးပင်း ဝင်ရောက်ယှဉ်ပြိုင်ရေးအတွက်သာ ရည်ရွယ်ထားကြောင်း ဂျိုကိုဗစ် ပြောကြား

ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမားဟောင်း ဂျိုကိုဗစ်က ယခုအချိန်မှစပြီး သြစတြေးလျအိုးပင်းကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးကိုသာ အာရုံစိုက်ထားပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဂျိုကိုဗစ်မှာ တံတောင်ဒဏ်ရာကြောင့် ခြောက်လတာ အနားယူခဲ့ရပြီးနောက် ကိုယန်ကလပ်စစ်ပြိုင်ပွဲတွင် လက်ရှိ ကမ္ဘာ့အဆင့်(၅) သီယမ်ကို ၆-၁၊ ၆-၄ ဖြင့် အနိုင်ကစားနိုင်ခဲ့ပြီးနောက် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

သတင်းထောက်များက ဂျိုကိုဗစ်ကို လာမည့်ရက်သတ္တပတ်အတွင်း စတင်မည့် ဂရင်းစလင်းပြိုင်ပွဲနှင့်ပတ်သက်ပြီး မေးမြန်းခဲ့ရာ သူက "အခုကနေစပြီး ကျွန်တော်ပြိုင်ပွဲတွေဆီမှာပဲ ရှိပါတော့မယ်" ဟု ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။ သြစတြေးလျအိုးပင်းသည် လာမည့်ဇန်နဝါရီ ၁၅ ရက်တွင် စတင်မည်ဖြစ်ပြီး ဂျိုကိုဗစ်သာ ဝင်ရောက်ယှဉ်ပြိုင်ပါက သူ့အတွက် သြစတြေးလျအိုးပင်းချန်ပီယံဆုကို ခုနစ်ကြိမ်မြောက်ကိုင်မြှောက်နိုင်ရေး ကြိုးပမ်းမှုလည်း ဖြစ်လာမည်။ သို့သော် ဂျိုကိုဗစ်က ပွဲငယ်ငါးပွဲပြည့် ယှဉ်ပြိုင်ရသည့် သြစတြေးလျအိုးပင်းအတွက် သူ၏ကြံ့ခိုင်မှုနှင့်ပတ်သက်ပြီး "ကျွန်တော် ဒီအတွက် သံသယရှိပါတယ်၊ ဒီနှစ် ပထမပတ်ကတင် ပြိုင်ပွဲကနေ နုတ်ထွက်လိုက်ရသေးတယ်၊ ကျွန်တော်က ၁၀၀ ရာခိုင်နှုန်းအပြည့်လို့ မပြောပါဘူး"ဟု ဖြေကြားခဲ့သည်။

ဂျိုကိုဗစ်မှာ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ကျင်းပခဲ့သည့် ဝင်ဘယ်လ်ဒန်ပြိုင်ပွဲကတည်းက ပြိုင်ပွဲများနှင့် ဝေးကွာနေခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ရက်သတ္တပတ် အဘူဒါဘီပြိုင်ပွဲအတွင်း သွေးပူလေ့ကျင့်ခန်းပြုလုပ်နေစဉ်မှာပင် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရသည်။ ယခုနှစ် သြစတြေးလျအိုးပင်းတွင် ဆရီနာဝီလျံ၊ ဗစ်တိုးရီးယား အဇာရန်ကာနှင့် အန်ဒီမာရေးတို့မှာလည်း ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ကြပြီးဖြစ်သည်။

## ကမ္ဘာကျော်များ၏ ပြင်ပလူနေမှုဘဝ

# ချယ်လ်ဆီးနှင့် မန်စီးတီးတို့အတွက် မဟုတ်ခဲ့တဲ့ ဒီဘရိုင်းရဲ့ ငယ်အိပ်မက်



ဒီဘရိုင်းဟာငယ်ကတည်းက ပရီမီယာလိဂ်အသင်းတစ်ခုမှာ ကစားဖို့ အိပ်မက်ရှိခဲ့သူဖြစ်ပေမယ့် သူရည်မှန်းတဲ့ အသင်းက အသင်းဟောင်း ချယ်လ်ဆီးလည်း မဟုတ်ခဲ့သလို လက်ရှိကစားနေတဲ့ မန်စီးတီးလည်း မဟုတ်ပါဘူး။ ဘယ်လ်ဂျီယံကွင်းလယ်လူ ဒီဘရိုင်းဟာ ဒီနှစ် ဘောလုံးရာသီမှာ ကိုယ်တိုင်သွင်းဂိုး ခြောက်ဂိုးသွင်း ဂိုးဖန်တီးမှု ကိုးကြိမ်ပြုလုပ်ပြီး သူ့ရဲ့ အောင်မြင်တဲ့ ကစားသမားဘဝကို မန်စီးတီးမှာ သူကိုယ်တိုင် တည်ဆောက်လာနိုင်တာဖြစ်ပါတယ်။ လက်ရှိ ပရီမီယာလိဂ် အကောင်းဆုံးကစားသမားတစ်ဦးလို့ ဝိုင်းဝန်းချီးကျူးသံတွေ လျှံတက်နေချိန်မှာပဲ သူငယ်စဉ်က ဖြေကြားခဲ့တဲ့ အင်တာဗျူးတစ်ခု ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။

အဲဒီ အင်တာဗျူးမှာ ဂျွန်လူငယ်ကစားသမားလေး ဒီဘရိုင်းက သူနှစ်သက်တဲ့ ပရီမီယာလိဂ်အသင်းက လီဗာပူးဖြစ်တယ်ဆိုတာ "ကျွန်တော်နှစ်သက်တဲ့ အသင်းက လီဗာပူးဖြစ်ပါတယ်၊ ကျွန်တော် နှစ်သက်တဲ့ ကစားသမားက မိုက်ကယ်အိုဝင်ပါ၊ အဲဒီမှာ ကစားချင်ပါတယ်" လို့ ဖြေကြားခဲ့တာပါ။

# မက်ဆီရဲ့ဘဝကို ဖော်ညွှန်းပြဆိုနေတဲ့ အက်ဒီးဒက်စ်ဘောကန်ဖိနပ်

ဘာစီလိုနာစူပါစတား လီယွန်နယ်မက်ဆီက သူ့ဘဝကို ဖော်ညွှန်းပြဆိုနေတဲ့ အက်ဒီးဒက်စ်ကုမ္ပဏီထုတ် ဘောလုံးကန်ဖိနပ်ကို ဂုဏ်ယူစွာ ချပြလိုက်ပါတယ်။ မက်ဆီဟာ ပြီးခဲ့တဲ့လတုန်းက ဘောလုံးကန်ဖိနပ်ကို



ပရိသတ်တွေဆီ သူကိုယ်တိုင်ပစ်ပြီး လက်ဆောင်အဖြစ် ပေးအပ်ခဲ့ဖူးပါသေးတယ်။

ဒီဘောကန်ဖိနပ် ဘယ်ဘက်မှာ မက်ဆီရဲ့ ကိုယ်မှာရေးထိုးထားတဲ့ တက်တူးတွေမှာပါရှိတဲ့ သူ့ရဲ့ ဇနီး အန်တိုနီလာရဲ့ အမည်အတိုကောက် အန်တို၊ အန်တိုရဲ့ အမည်အောက်မှာ သားနှစ်ဦးဖြစ်တဲ့ သီယာဂိုနဲ့ မက်တီယိုတို့ရဲ့ အမည်တွေကို ရေးထားထားပြီး တစ်ဖက်ခြမ်းမှာ မက်ဆီက ဇနီးနဲ့ သားငယ်တွေကို နမ်းနေပုံ၊ မိခင် မာရီယာ စူစီတီနီတို့ပုံတွေ ပါဝင်ပါတယ်။ ညာဘက်မှာတော့ ပြီးခဲ့တဲ့ ဧပြီလ ရီးယဲလ်ကို ဘာနေဗျူးမှာ နောက်ကျဂိုးသွင်းယူပြီး အောင်ပွဲခံခဲ့ပုံ၊ ဘာကာအသင်းကြီးမှာ ပထမဦးဆုံး ပွဲထွက်ခွင့်ရစဉ် ဝတ်ဆင်ခဲ့တဲ့ ကျောနံပါတ်(၃၀)ဝတ် လူငယ်လေး မက်ဆီ၊ ရော်နယ်လ်ဒင်ဟိုရဲ့ ကျောပေါ်မှာ အောင်ပွဲခံနေတဲ့ပုံရိပ်တွေ ပါဝင်လို့ နေပါတယ်။ ဖိနပ်ရဲ့ ညာဘက်ကတော့ ဘာကာကို ကိုယ်စားပြုတဲ့အနေနဲ့ အနီနဲ့ အပြာရောင်တို့ လွှမ်းမိုးနေပြီး ဘယ်ဘက်မှာတော့ မက်ဆီရဲ့ ဇာတိမြေ အာဂျင်တီးနားကို ကိုယ်စားပြုတဲ့ အပြာနဲ့ အဖြူရောင်တို့ လွှမ်းမိုးနေတာ တွေ့ရပါတယ်။

## အား က စား သ တင်း တို များ

### ဗလင်စီယာသို့ ကိုကွီလင် ပြောင်းမည်

ကွင်းလယ်လူ ကိုကွီလင်အနေဖြင့် ဗလင်စီယာ အသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း အာဆင်နယ် နည်းပြ ဝင်းဂါး၏ အတည်ပြုချက်အရ သိရသည်။ အာဆင်နယ်အသင်းနှင့်အတူ ၂၀၀၈ ကတည်းက ပူးပေါင်းခဲ့သည့် ကိုကွီလင်မှာ ဗလင်စီယာနှင့် ပူးပေါင်းရန် အတွက် စပိန်မြေသို့ ထွက်ခွာသွားပြီဖြစ်သည်။ ၎င်းသည် ပရီမီယာလိဂ် ပွဲစဉ်ပေါင်း ၁၀၅ ပွဲ ဝင်ရောက်ကစားခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလကမှ အာဆင်နယ်နှင့် သက်တမ်းတိုးစာချုပ် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ဝင်းဂါးက ယင်းကိစ္စရပ်ကို ချယ်လ်ဆီးနှင့် ဂိုးမရှိသရေကျခဲ့သည့် ကာရာဘရိုဖလားဆီမီးဖိုင်နယ် (ပထမအကျော့)အပြီးတွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

### ရီးယဲလ်နည်းပြနေရာအတွက် အာမခံချက်မရှိဟု ဇီဒန်း ဝန်ခံ

ရီးယဲလ်နည်းပြ ဇီဒန်းက ကလပ်အသင်းနှင့် လက်ရှိချုပ်ဆိုထားသည့် စာချုပ်မှာ ဘာမျှ မဟုတ်ကြောင်း ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင် နျူမန်စီယာ အသင်းနှင့် သရေကျခဲ့သည့် ပွဲစဉ်အပြီးတွင် ဝန်ခံပြောကြားလိုက်သည်။ ဇီဒန်း၏ ရီးယဲလ်မက်ဒရစ်သည် ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံတွင် အကျပ်အတည်းဆိုက်နေပြီး ယခုလည်း ဒုတိယတန်းမှအသင်းနှင့် နှစ်ဂိုးစီ သရေကျခဲ့သော်လည်း ပထမအကျော့တွင် သုံးဂိုးပြတ်ဖြင့် အနိုင်ရထားခဲ့သဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ဇီဒန်းသည် ပြီးခဲ့သည့် စက်တင်ဘာလကမှ ရီးယဲလ်နှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုထားသော်လည်း "ကျွန်တော်ကတော့ တစ်ပွဲချင်း တစ်ပွဲချင်း၊ တစ်နှစ်ချင်း တစ်နှစ်ချင်းသာ ရည်မှန်းတတ်ပါတယ်၊ နှစ်နှစ် သုံးနှစ် ဒီမှာပဲဆိုတာ မစဉ်းစားထားပါဘူး၊ ဒါက ဒီမှာ ဘာဖြစ်တတ် တယ်ဆိုတာ ကျွန်တော်သိထားလို့ပါ၊ စာချုပ်ရှိတယ်ဆိုပေမယ့် ဒါက ဘာအဓိပ္ပာယ်မှ မဟုတ်ပါဘူး" ဟုသာ ဆိုခဲ့ခြင်းဖြစ်သည်။

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(၂) ကုမ္ပဏီက လုပ်ငန်းအောင်မြင်မှုမရှိခဲ့လျှင် ထိုသို့ဖြစ်ရသည့်အကြောင်းများနှင့်

(၃) ကုမ္ပဏီကို တည်ထောင်ခြင်းလုပ်ငန်းပြုလုပ်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းအောင်မြင်မှုမရှိခြင်း၊ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိ၏ ထင်မြင်ချက်အရ ထပ်မံစိစစ်ရန်လိုအပ်ခြင်းရှိ၊ မရှိ။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိသည် ၎င်းအနေဖြင့် သင့်သည်ထင်မြင်လျှင် ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ခဲ့သည့်အခြေအနေ၊ ကုမ္ပဏီကို တည်ထောင်ခြင်းလုပ်ငန်းပြုလုပ်ခြင်း သို့မဟုတ် ဖွဲ့စည်းခြင်းတွင် ပါဝင်သူ တစ်ဦးဦး၊ ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ပြီးနောက် ကုမ္ပဏီနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ဒါရိုက်တာ တစ်ဦးဦး သို့မဟုတ် အရာရှိ တစ်ဦးဦးက လိမ်လည်မှုတစ်ရပ်ရပ်ကို ကျူးလွန်ထားသည်ဟု ထင်မြင်ချက်နှင့် တရားရုံးကသိရှိရန် လိုအပ်သည်ဟု ထင်မြင်သော အခြားအကြောင်းအရာများကို ဖော်ပြထားသည့် အခြား အစီရင်ခံစာတစ်စောင် သို့မဟုတ် အစီရင်ခံစာများကိုလည်း တင်ပြနိုင်သည်။

**ကုမ္ပဏီ၏ပစ္စည်းများကို ထိန်းသိမ်းထားရှိခြင်း**

၃၁၉။(က) ယာယီအားဖြင့် ခန့်အပ်ထားခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ကုမ္ပဏီကပိုင်ဆိုင်သည့် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသည့် ပစ္စည်းများ၊ ပိုင်ဆိုင်မှုများနှင့် တောင်းခံခွင့်ရှိသည်များ အားလုံးကို ၎င်း၏ထိန်းသိမ်းမှု သို့မဟုတ် ကြီးကြပ်မှုအောက်တွင် ထားရှိရမည်။

(ခ) ကုမ္ပဏီ၏ ပစ္စည်းများနှင့် ပိုင်ဆိုင်မှုများအားလုံးသည် ကုမ္ပဏီ ဖျက်သိမ်းသည့်အမိန့်အား ချမှတ်သည့်နေ့ရက်မှစတင်၍ တရားရုံး၏ ထိန်းသိမ်းမှုအောက်တွင်ထားရှိသည်ဟု မှတ်ယူရမည်။

**စည်းမျဉ်းအရ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သော စစ်ဆေးရေး ကော်မတီ**

၃၂၀။(က) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့်အတူ ဆောင်ရွက်နိုင်ရန်အတွက် စစ်ဆေးရေးကော်မတီတစ်ရပ်ကို ခန့်အပ်မည်၊ မခန့်အပ်မည်ကိုလည်းကောင်း၊ ခန့်အပ်ခဲ့ပါက မည်သူများကို ကော်မတီ၏အဖွဲ့ဝင်များအဖြစ် ခန့်အပ်မည်ကို သော်လည်းကောင်း ဆုံးဖြတ်နိုင်ရန်အလို့ငှာ ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် စာရွက်စာတမ်းများတွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း ကုမ္ပဏီ၏မြီရှင်များ အစည်းအဝေးတစ်ရပ်ကို ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်အား ချမှတ်သည့်နေ့ရက်မှ တစ်လအတွင်း ခေါ်ယူကျင်းပရမည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် မြီရှင်များ၏ ဆုံးဖြတ်ချက်များကို စဉ်းစားသုံးသပ်ရန်နှင့် အဆိုပါဆုံးဖြတ်ချက်များကို ပြင်ဆင်ချက်ဖြင့် လက်ခံရန် သို့မဟုတ် ပြင်ဆင်ချက်မပြုလုပ်ဘဲ လက်ခံရန်တို့အတွက်ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးတစ်ရပ်ကို မြီရှင်များ၏ အစည်းအဝေးအား ကျင်းပသည့် နေ့ရက်မှ ခုနစ်ရက်အတွင်း ခေါ်ယူကျင်းပရမည်။

(ဂ) ကြွေးမြီပေးဆပ်ရသူများသည် မြီရှင်များ၏ ဆုံးဖြတ်ချက်ကို အပြည့်အဝ လက်ခံနိုင်ခြင်း မရှိပါက တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် စစ်ဆေးရေး ကော်မတီတစ်ရပ်ကို ခန့်အပ်ရန် လိုအပ်ခြင်း ရှိ၊ မရှိ၊ လိုအပ်ခြင်း ရှိပါက ထိုကော်မတီကို မည်သို့ဖွဲ့စည်းမည်နှင့် ထိုကော်မတီတွင် မည်သူများက အဖွဲ့ဝင်များအဖြစ် ပါဝင်ကြမည်တို့အပေါ် လမ်းညွှန်မှုပြုနိုင်ရန်အတွက် တရားရုံးသို့လျှောက်ထားရန်တာဝန်ရှိသည်။

(ဃ) ဤပုဒ်မအရ ခန့်အပ်သည့် စစ်ဆေးရေးကော်မတီတွင် ကုမ္ပဏီ၏ မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၊ သို့မဟုတ် မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများထံမှ အထွေထွေ သို့မဟုတ် အထူး ကိုယ်စားလှယ်လွှဲစာများ ကိုင်ဆောင်ထားသည့်ပုဂ္ဂိုလ်များ ပါဝင်သော အဖွဲ့ဝင် ၁၂ ဦးထက် မပိုသောသူများဖြင့် ပါဝင်ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်ဦးရေတွင် မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးများ၌ သဘောတူညီထားသော အချိုးအစားဖြင့် ပါဝင်ဖွဲ့စည်းနိုင်ပြီး ထိုသို့သဘောတူညီထားခြင်း မရှိပါက တရားရုံးက ဆုံးဖြတ်နိုင်သည်။

(င) စစ်ဆေးရေးကော်မတီသည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ စာရင်းများကို သင့်လျော်သည့်အချိန်တိုင်းတွင် စစ်ဆေးခွင့်ရှိသည်။

(စ) ကော်မတီသည် အခါအားလျော်စွာ သတ်မှတ်ထားသည့်အချိန်များတွင် တွေ့ဆုံကျင်းပရမည်ဖြစ်ပြီး ထိုသို့သတ်မှတ်ထားသည့်အချိန်ကာလမရှိပါက တစ်လလျှင် အနည်းဆုံးတစ်ကြိမ် တွေ့ဆုံကျင်းပရမည်။ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သို့မဟုတ် ကော်မတီ၏ အဖွဲ့ဝင်တစ်ဦးဦးက လိုအပ်သည်ဟု ထင်မြင်သည့်အခါ ကော်မတီအစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပပေးရန်တင်ပြတောင်းဆိုနိုင်သည်။

(ဆ) ကော်မတီသည် အစည်းအဝေးတက်ရောက်သော အဖွဲ့ဝင်အများစုဖြင့် ဆုံးဖြတ်ဆောင်ရွက် ရမည်ဖြစ်ပြီး ကော်မတီ၏အဖွဲ့ဝင်အများစု မတက်ရောက်ခဲ့ပါက ထိုသို့ဆုံးဖြတ်ဆောင်ရွက်ခြင်း မပြုရ။

(ဇ) ကော်မတီအဖွဲ့ဝင်တစ်ဦးဦးသည် ၎င်းကိုယ်တိုင် စာဖြင့်ရေးသား လက်မှတ်ရေးထိုးထားသည့် အကြောင်းကြားစာကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပေးပို့၍ နုတ်ထွက်နိုင်သည်။

(ဈ) ကော်မတီအဖွဲ့ဝင်တစ်ဦးဦးသည် လူမွဲအဖြစ် ခံယူရခြင်း သို့မဟုတ် ၎င်း၏ မြီရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရခြင်း သို့မဟုတ် အစီအစဉ်တစ်ရပ်ရပ်ပြုလုပ်ရခြင်း သို့မဟုတ် ၎င်းနှင့်အတူ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများအား ကိုယ်စားပြုသည့် ကော်မတီအဖွဲ့ဝင်များ၏ ခွင့်ပြုချက်မရရှိဘဲ ကော်မတီအစည်းအဝေးများကို တက်ရောက်ရန် ငါးကြိမ်ဆက်တိုက် ပျက်ကွက်ခြင်းတို့ရှိခဲ့လျှင် ထိုကော်မတီအဖွဲ့ဝင်သည် လုပ်ငန်းခွင်မှ ပျက်ကွက်သည်ဟု သတ်မှတ်ရမည်။

(ည) ကော်မတီအဖွဲ့ဝင်တစ်ဦးသည် မြီရှင်များအားကိုယ်စားပြုလျှင် မြီရှင်များ၏ အစည်းအဝေး၌ လည်းကောင်း၊ ကြွေးမြီပေးဆပ်ရသူများအားကိုယ်စားပြုလျှင် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေး၌လည်းကောင်း သာမန်ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ၎င်းကို ထုတ်ပယ်နိုင်သည်။ အဆိုပါ အစည်းအဝေးအတွက်ကျင်းပရသည့် ရည်ရွယ်ချက်အား ဖော်ပြပါရှိသည့် အကြောင်းကြားစာကို အနည်းဆုံး ခုနစ်ရက်ကြိုတင်ပေးပို့၍ ဆောင်ရွက်ရမည်။

(ဋ) ကော်မတီတွင် လစ်လပ်နေရာ ဖြစ်ပေါ်ပါက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အဆိုပါ လစ်လပ်နေရာတွင် ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် မြီရှင်များ၏ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရမည်ဖြစ်ပြီး အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်၍ လစ်လပ်နေရာအား ဖြည့်စွက်ရန်အတွက် မူလကော်မတီအဖွဲ့ဝင်ကို ပြန်လည်ခန့်အပ်နိုင်သည် သို့မဟုတ် အခြားမြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးကို ခန့်အပ်နိုင်သည်။

(ဌ) ကော်မတီတွင် လစ်လပ်နေရာ တစ်ခုခုရှိနေစေကာမူ ကော်မတီအဖွဲ့ဝင်များက နှစ်ဦးထက်မနည်းရှိပါက ဆက်လက်ဆောင်ရွက်နိုင်သည်။

**တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်များ**

၃၂၁။တရားရုံး၏ ခွင့်ပြုချက်ဖြင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည် -

(က) ကုမ္ပဏီ၏ အမည်ဖြင့်သော်လည်းကောင်း၊ ကုမ္ပဏီ၏ ကိုယ်စားသော်လည်းကောင်း တရားမမှု သို့မဟုတ် ပြစ်မှုဆိုင်ရာအမှုများနှင့် စပ်လျဉ်းသည့် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေး ဆောင်ရွက်မှုများတွင် စွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် ခုခံချေပခြင်း၊

(ခ) ကုမ္ပဏီကို အကျိုးရှိသည့်နည်းလမ်းဖြင့် ဖျက်သိမ်းရန် လိုအပ်သည့် အတိုင်းအတာအထိ ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) လေလံဖြင့်ဖြစ်စေ၊ သီးခြား ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ကုမ္ပဏီ၏ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ရောင်းချခြင်း၊ ထိုပစ္စည်းများကို ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေးခြင်း သို့မဟုတ် ထိုပစ္စည်းများကို ပိုင်းခြား၍ ရောင်းချခြင်း၊

(ဃ) စာချုပ်စာတမ်းများ၊ လက်ခံပြေစာများနှင့် အခြားစာရွက်စာတမ်းများတွင် ကုမ္ပဏီ၏ အမည်နှင့် ကုမ္ပဏီ၏ကိုယ်စား ဆောင်ရွက်ခြင်းနှင့် လက်မှတ်ရေးထိုးချုပ်ဆိုခြင်း၊ ထိုကိစ္စရပ်များအတွက် လိုအပ်ပါက ကုမ္ပဏီ၏ ရုံးတံဆိပ်ကို အသုံးပြုခြင်း၊

(င) ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက လူမွဲခံယူသည့်ကိစ္စရပ်တွင် ထိုသူ၏ပစ္စည်းများအပေါ် စာရင်းရှင်းလင်းဆောင်ရွက်ရန်အတွက် အတည်ပြုခြင်း၊ ရှင်းလင်းခြင်းနှင့် တောင်းဆိုခြင်း၊ အမြတ်ဝေစုများ ခွဲဝေခြင်းကို လက်ခံခြင်း၊ အဆိုပါ စာရင်းရှင်းတမ်းနှင့် စပ်လျဉ်း၍ လူမွဲခံယူသူထံမှ ရရန်ရှိသည့် သီးခြားကြွေးမြီများအဖြစ် အခြား မြီရှင်များနှင့် အချိုးကျ ရယူဆောင်ရွက်ခြင်း၊

(စ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းအနေဖြင့် ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးချေရန် ကတိစာချုပ်ကို ကုမ္ပဏီအနေဖြင့်ဖြစ်စေ၊ ကုမ္ပဏီ၏ ကိုယ်စားအနေဖြင့်ဖြစ်စေ ထုတ်ယူခြင်း၊ လက်ခံခြင်း၊ ပြုလုပ်ခြင်းနှင့် အတည်ပြုထောက်ခံခြင်းတို့ကို ကုမ္ပဏီ၏ တာဝန်ရှိမှုများနှင့် စပ်လျဉ်း၍ အလားတူအကျိုးသက်ရောက်မှုရှိ၍ ဆောင်ရွက်သကဲ့သို့ ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးချေရန် ကတိစာချုပ်တစ်ရပ်ရပ်ကို ကုမ္ပဏီ၏ အမည်ဖြင့် သို့မဟုတ် ကုမ္ပဏီ၏ကိုယ်စား ထုတ်ယူခြင်း၊ လက်ခံခြင်း၊ ပြုလုပ်ခြင်းနှင့် အတည်ပြုထောက်ခံခြင်း၊

(ဆ) ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအပေါ် အာမခံထားရှိ၍ ငွေကြေး လိုအပ်ချက်တစ်ရပ်ရပ်ကို မြှင့်တင်ခြင်း၊

(ဇ) ကွယ်လွန်သွားသော ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက ၎င်း၏အမည်ဖြင့် စီမံခန့်ခွဲခြင်းဆိုင်ရာစာကို ထုတ်ယူခြင်း၊ ယင်း၏အမည်ဖြင့် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦး သို့မဟုတ် ၎င်း၏အမွေဆက်ခံသူထံမှ ရရန်ရှိသည့် ငွေကြေးများပေးချေမှုကို ရယူခြင်း သို့မဟုတ် ကုမ္ပဏီ၏အမည် ဖြင့် အဆင်ပြေစွာ ဆောင်ရွက်နိုင်ခြင်း မရှိသော ပစ္စည်းများကို ရယူခြင်းများအတွက် လိုအပ်သော ဆောင်ရွက်မှုများကို ပြုလုပ်ခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စီမံခန့်ခွဲခြင်းဆိုင်ရာ စာကို ထုတ်ယူရာတွင်လည်းကောင်း၊ ဖယ်ရှားဆောင်ရွက်ရာတွင် လည်းကောင်း၊ ငွေကြေးများကို ပြန်လည်ရယူရာတွင် လည်းကောင်း အဆိုပါကိစ္စရပ်များတွင် ပေးချေရမည့်ငွေကြေးကို စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ ပေးချေရမည်ဟု မှတ်ယူရမည်။ သို့ရာတွင် ဤပုဒ်မတွင်ပါရှိသည့် မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အခွင့်အရေးများ၊ တာဝန်များနှင့် အကျိုးခံစားခွင့်များကို မထိခိုက်စေရ။

(ဈ) ကုမ္ပဏီကို ဖျက်သိမ်းရန်အတွက် လိုအပ်သော ကုမ္ပဏီ၏ကိစ္စရပ်များ၊ ယင်း၏ ရရန်ပိုင်ခွင့်များကို ခွဲဝေပေးခြင်းများအတွက် အခြား လိုအပ်သည့် ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ခြင်း။

**တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ချင့်ချိန်ဆောင်ရွက်နိုင်မှုနှင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသို့ ဥပဒေဆိုင်ရာ အကူအညီများပေးရေးအတွက် ပြဋ္ဌာန်းချက်**

၃၂၂။(က) တရားရုံးသည် အမိန့်တစ်ရပ်ထုတ်ပြန်၍ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအား တရားရုံး၏ ခွင့်ပြုချက် သို့မဟုတ် ကြားဝင်ဆောင်ရွက်မှုမပါရှိဘဲ အထက်ဖော်ပြပါ လုပ်ပိုင်ခွင့်များတစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်စေနိုင်သည်။ တရားဝင် ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ယာယီခန့်အပ်ထားသည့် ကိစ္စရပ်တွင် ၎င်းအား ခန့်အပ်သည့်အမိန့်ဖြင့် ၎င်း၏လုပ်ပိုင်ခွင့်များကို ကန့်သတ်ထားမြစ်နိုင်သည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ၎င်း၏တာဝန်များကို ထမ်းဆောင်ရာတွင် အကူအညီရရှိရန်အတွက် တရားရုံးများတွင် လိုက်ပါဆောင်ရွက်ခွင့်ရှိသော ရှေ့နေတစ်ဦးကို တရားရုံး၏ ခွင့်ပြုချက်ဖြင့် ခန့်ထားနိုင်သည်။ သို့ရာတွင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ရှေ့နေတစ်ဦးဖြစ်ပါက ယင်း၏ တွဲဖက်လုပ်ကိုင်သူက အခကြေးငွေမယူဘဲ ဆောင်ရွက်ပေးရန် သဘောတူညီခြင်းမရှိလျှင် အဆိုပါ တွဲဖက်လုပ်ကိုင်သူကိုခန့်အပ်ခြင်းမပြုရ။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးဆောင်ရွက်မှုများပါရှိသော စာရင်းစာအုပ်များကို ထိန်းသိမ်းထားရှိရခြင်းနှင့် ၎င်း၏လက်ခံရရှိထားသော စာရင်းများကို တရားရုံးသို့တင်ပြရခြင်း**

၃၂၃။(က) တရားရုံးကဖျက်သိမ်းမည့် ကုမ္ပဏီတစ်ခု၏ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများနှင့်အညီ အစည်းအဝေး ဆောင်ရွက်မှုဆိုင်ရာ စာရင်းရေးသွင်းမှုများ သို့မဟုတ် အစည်းအဝေး မှတ်တမ်းများနှင့် အခြားသတ်မှတ်ဖော်ပြထားသည့် ကိစ္စရပ်များကို ပြုစုထားရှိရန် သင့်လျော်သည့် စာရင်းစာအုပ်များကို ထိန်းသိမ်းထားရှိရမည်ဖြစ်သည်။ မြီရှင် သို့မဟုတ် ကြွေးမြီ ပေးဆပ်ရသူ တစ်ဦးဦးသည် တရားရုံး၏ ကြီးကြပ်မှုဖြင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဖြင့်သော်လည်းကောင်း အဆိုပါ စာရင်းစာအုပ်များကို စစ်ဆေးကြည့်ရှုနိုင်သည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအားလုံးသည် ၎င်းတို့၏ သက်တမ်းကာလအတွင်း နှစ်စဉ် နှစ်ကြိမ်ထက်မနည်းသော သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလများ၌ ၎င်းတို့အနေဖြင့် လက်ခံရရှိထားသောစာရင်းနှင့် ငွေပေးချေမှုများကို တရားရုံးသို့ တင်ပြရမည်။

(ဂ) စာရင်းကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ပြုစု၍ မူရင်းကွဲများ ထားရှိရမည့်အပြင် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းနှင့် အညီ ကြေညာချက်တစ်စောင်ဖြင့် အတည်ပြုရမည်။

(ဃ) တရားရုံးသည် သင့်သည်ထင်မြင်သည့်နည်းလမ်းဖြင့် စာရင်းအား စစ်ဆေးပြုစုရမည်။ စာရင်းစစ်ဆေးရန်အတွက် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် တရားရုံးက လိုအပ်မည်ဖြစ်သည့် ဘောက်ချာများနှင့် သတင်းအချက်အလက်များကို တရားရုံးသို့ တင်ပြရမည်ဖြစ်ပြီး တရားရုံးသည် မည်သည့်အချိန်တွင်မဆို စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက ထိန်းသိမ်းထားရှိသည့် စာရင်းစာအုပ်များနှင့် စာရင်းများကို ပြုစုတင်ပြစေနိုင်သည့်အပြင် စစ်ဆေးကြည့်ရှုနိုင်သည်။

(င) စာရင်းအား စစ်ဆေးပြီးသည့်အခါ ယင်း၏မိတ္တူတစ်စောင်ကို တရားရုံးတွင် မှတ်တမ်းပြုစုထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး အခြား မိတ္တူ တစ်စောင်ကို မှတ်တမ်းပြုစုထားရှိရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ပေးပို့ရမည်။ ထိုမိတ္တူတစ်စောင်စီကို မြီရှင်များ သို့မဟုတ် သက်ဆိုင်သည့် ပုဂ္ဂိုလ်များက စစ်ဆေးကြည့်ရှုနိုင်စေရန် ထားရှိရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) (၁၇)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကျင်းပ ဆေးပညာနှီးနှောဖလှယ်ပွဲနှင့် သုတေသနစာတမ်းများဖတ်ကြား

**ချမ်းအေးသာစံ ဇန်နဝါရီ ၁၁**
မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ ဆေးပညာနှီးနှောဖလှယ်ပွဲနှင့် ဆေးဝါးနှင့်ဆေးပစ္စည်းများ ပြခန်းများဖွင့်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁ နာရီက ချမ်းအေးသာစံမြို့နယ် ၃၁ လမ်းနှင့် လမ်း ၇၀ ထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ရတနာပုံခန်းမ၌ ကျင်းပသည်။

ထိုနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာ ဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်မြင့်တို့က ဆေးဝါးနှင့်ဆေးပစ္စည်းပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများအားကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ဆေးပညာနှီးနှောဖလှယ်ပွဲ၊ ခေတ်မီကုထုံးများ သုတေသနစာတမ်းဖတ်ပွဲဆွေးနွေးပွဲများကျင်းပခဲ့သည်။ ဆေးပညာနှီးနှောဖလှယ်ပွဲနှင့် စာတမ်းဖတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲများကို ဇန်နဝါရီ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သီဟကိုကို(မန္တလေး)**



# ချင်းတွင်းမြစ်ကြောင်းသွားရေယာဉ်များ သတ်မှတ်ရေလမ်းကြောင်းမှ မောင်းနှင်ကြရန် လိုအပ်

**မုံရွာ ဇန်နဝါရီ ၁၁**
ချင်းတွင်းမြစ်အတွင်း အထက်၊ အောက်စုန်ဆန် သွားလာကြသော ကုန်တင်ရေယာဉ်များနှင့် လူစီးအမြန်ရေယာဉ်များ မြစ်ရေနည်းပါးချိန်များတွင် ရေကြောင်းပြအမှတ်အသားများပြသထားသည့် ရေလမ်းကြောင်းများအတိုင်း စနစ်တကျမောင်းနှင်ကြရန်လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရေလမ်းသတ်မှတ်ရေး)မှ သိရသည်။

"နွေရာသီမြစ်ရေနည်းပါးချိန်ဆိုရင် မော်လိုက်မြို့နယ်အောက်ဘက် ရိုးလာရေလမ်းကြောင်းကတော့ အမြဲတမ်းပဲရေကြောင်းကျပ်တယ်၊ နောက်တစ်ခုက ဟုမ္မလင်းမြို့အောက်ဘက်ခြမ်းက ကက်သာ ဆင်းကတော့ မပြောင်းမလဲဘဲ ရေကြောင်းကျပ်ပါတယ်၊ ကျန်တဲ့နေရာတွေကတော့ ရေလမ်းကြောင်းပေါက်တာမူတည်ပြီးမှ ရေကြောင်းကျပ်တာတွေဖြစ်တာပါ။ ရေကြောင်းက အပြောင်းအလဲပေါ်မှာမူတည်ပြီးတော့မှကျပ်တယ်၊ ရေကြောင်းကျပ်တဲ့နေရာတွေမှာရေကြောင်းပြ အမှတ်အသားတွေထားရှိပါတယ်၊ ပြထားတဲ့အတိုင်းစနစ်တကျ ရေရှိခဲ့တဲ့အချိန်ကတည်းက လိုက်ခဲ့မယ်ဆိုရင်ရေကြောင်းကမပျက်ဘူး၊ တချို့တွေကဖြတ်လမ်းကို ကြိုက်တဲ့အတွက် ဖြတ်သွားရင်းနဲ့ရေလမ်းကြောင်းကပျက်သွားပြီးပုံမှန်ဖြစ်မလာတော့ဘူး၊ နွေရာသီမြစ်ရေနည်းပါးချိန်မှာ သတ်မှတ်ထားတဲ့ ရေလမ်းကြောင်းအတိုင်းမောင်းမယ်ဆိုရင်ရေလမ်းကြောင်းရေရှည်ခိုင်မယ်၊ ဟိုနားကဖြတ်ဒီနားကဖြတ်နဲ့ မောင်းကြမယ်ဆိုရင် လမ်းကြောင်းတွေပျက်ကုန်မယ်၊ အကျိုးကတော့ကိုယ်လည်းခရီးမရောက်ဘူး၊ ရေလမ်းကြောင်းတွေလည်း ပျက်စီးကုန်တယ်၊ ချင်းတွင်းမြစ်ကြောင်းမောင်းနှင်ကြတဲ့ရေယာဉ်တွေ အနေနဲ့ ၁၁ လပိုင်းကစပြီး ဌာနကသတ်မှတ်ပေးထားတဲ့ ရေလမ်းကြောင်းအတိုင်းကို ကမ်းပေါ်အမှတ်အသားတွေကို ကြည့်ရှုပြီး စနစ်တကျမောင်းနှင်ကြမယ်ဆိုရင်တော့ ရေကြောင်းကျပ်တည်းမှု မဖြစ်နိုင်ဘူး"ဟု စစ်ကိုင်းတိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး)မှ လက်ထောက်ညွှန်ကြားရေးမှူးဦးတင်အောင်ထွန်းက ပြောသည်။



မုံရွာမြို့မှဟုမ္မလင်းမြို့အထိ ချင်းတွင်းမြစ်ကြောင်း တစ်လျှောက်တွင် မြစ်ရေနည်းပါးချိန်များတွင် ရေကြောင်းကျပ်တည်းမှုများ ဖြစ်ပေါ်လျက်ရှိရာ နှစ်စဉ် ၁၁ လပိုင်းမှစတင်ပြီး တိုင်းဒေသကြီးရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းအမှတ်အသားများ သတ်မှတ်ချထားပေးရာ ၎င်းအမှတ်အသားများအတိုင်း ရေယာဉ်များမှ စနစ်တကျ မောင်းနှင်ကြရန်နှင့် ဖြတ်လမ်းများကိုအသုံးမပြုကြရန် မှာကြားထားကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

# လူထုဗဟိုပြုစီမံကိန်းဝင်ကျေးရွာများအား ကွင်းဆင်းကြည့်ရှု

**ညောင်ဦး ဇန်နဝါရီ ၁၁**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ကျေးရွာများတွင် လူထုဗဟုပြုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းညွန့်၊ မြို့နယ်ဦးစီးမှူး ဦးအောင်ရှိန်(လက်ထောက်ညွှန်ကြားရေးမှူး)နှင့် အဖွဲ့က ကွင်းဆင်းကြည့်ရှုခဲ့သည်။

ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်းဝင် ကျေးရွာများဖြစ်သည့် ညောင်ပင်သာကျေးရွာ၊ ဝါခင်းကြီးကျေးရွာ၊ တူရွင်းတိုင်ကျေးရွာအုပ်စု သဲပြင်တောကျေးရွာ၊ ပွှန်ကျေးရွာအုပ်စု ပွှန်ကျေးရွာနှင့် ကန်စောင့်ကျေးရွာတို့တွင် လူထုဗဟိုပြုစီမံကိန်း ထောက်ပံ့ငွေဖြင့် ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းခွင်များသို့ သွားရောက်ပြီး စီမံကိန်း၏ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးရွာများအလိုက် စီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံပြီး လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များကို ဆောင်ရွက်ပေးရန် လိုအပ်သလို စီမံကိန်း၏သတ်မှတ်ထားသည့်စည်းကမ်းချက်များကိုလည်း အလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့အပြင် စီမံကိန်းတွင် ပါဝင်သည့် အခွင့်အရေးများကို ကျား/မ ရေးရာ တန်းတူညီမျှရရှိရန်၊ လိုအပ်ကြောင်းနှင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးရန် လုပ်ငန်းခွင်အတွက် ပစ္စည်းဝယ်ယူရေး ကိစ္စရပ်များကို အလေအလွင့်မရှိအောင် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ပြီး ငွေစာရင်း၊ ဇယားများ တိကျမှန်ကန်စွာ ရေသွင်းထားရှိရန်လိုအပ်ကြောင်း စသည့် ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရပြီး ကျေးရွာများ၏ ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# တိုင်းဒေသကြီးနှင့် ပြည်နယ် အလွတ်တန်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**
မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်လာစေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယနေ့ နံနက် ၆ နာရီမှ စတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အလွတ်တန်းပြေးခုန်ပစ် ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း၌ ကျင်းပသည်။

အမျိုးသား၊ အမျိုးသမီး မာရသွန်ပြိုင်ပွဲ၊ အမျိုးသမီး အလျားခုန်ပြိုင်ပွဲ၊ အမျိုးသမီး လုံးတံပစ်ပြိုင်ပွဲ၊ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲ၊ အမျိုးသမီး ခုနစ်မျိုးစုံပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး မီတာ ၁၅၀၀ ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ အမျိုးသမီး တံခွန်စိုက်ဆုဖလား ရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းအား ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစံထွန်းက လည်းကောင်း၊ အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းအား အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွဋ်က လည်းကောင်း၊ စုပေါင်း တံခွန်စိုက်ဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လည်းကောင်း ဆုများ အသီးသီး ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွဋ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ နည်းပြအုပ်ချုပ်သူများ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**မောင်မောင်ဇော်**

# သမဝါယမအသင်းများသို့ ချေးငွေများထုတ်ပေး

**ခင်ဦး ဇန်နဝါရီ ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် သမဝါယမဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများအား မြို့နယ်သမဝါယမအသင်းစုက Exim Bank ချေးငွေများပေးအပ်ပွဲနှင့် စုဆောင်းငွေအပေါ် အတိုးများ ထုတ်ပေးခြင်းကို ဇန်နဝါရီ ၁၁ ရက်က အဆိုပါဦးစီးဌာန၌ ကျင်းပသည်။

ခင်ဦးမြို့နယ်တွင် အခြေခံသမဝါယမအသင်းပေါင်း ၁၃၉ သင်း၊ အသင်းဝင်ပေါင်း ၁၅၅၈၂ ဦး ရှိပြီး နဝမအကြိမ် စိုက်ပျိုးရေးနှင့် မွေးမြူရေးချေးငွေကျပ် ၂၈၇၄ ဒသမ ၃၀ သန်း ထုတ်ပေးခြင်းဖြစ်ကြောင်း မြို့နယ် သမဝါယမဦးစီးအရာရှိ ဒေါ်နှင်းဝေ၏ ပြောကြားချက်အရ သိရသည်။

**ခင်ဦးစိုးဝေ**

# ကျောင်းအခြေပြု မီးဘေးလုံခြုံရေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်

**မင်းဘူး ဇန်နဝါရီ ၁၁**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အထက(၁) ကျောင်းခန်းမ၌ မီးလောင်မှုကြောင့် ပြည်သူများ ၏ အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ကျောင်းအခြေပြု မီးဘေး လုံခြုံရေး ဟောပြောပွဲနှင့် သရုပ်ပြ လေ့ကျင့်မှုများကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။



လက်တွေ့ သရုပ်ပြလေ့ကျင့်ရာတွင် ဆီမီးလောင်မှုအား ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်စေခြင်း၊ အဝတ်စိုဖြင့် ဖုံးအုပ်ငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**



ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ရေးပေါင်းသမိုင်းဝင်ကျိုက်မှော်ဝန်းရေလယ်စေတီတော်မြတ်ကြီး၏မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။ **အောင်ဆွေ (ရွှေတံတား)**

# မြန်မာ့စီးပွားရေးဘဏ်မှ SME လုပ်ငန်းရှင်များသို့ နှစ်လတ်ချေးငွေထုတ်ချေးရေးဆိုင်ရာဆွေးနွေးပွဲပြုလုပ်

**ပဲခူး ဇန်နဝါရီ ၁၁**
ပဲခူးတိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ်မှ SME လုပ်ငန်းရှင်များသို့ နှစ်လတ်ချေးငွေထုတ်ချေးရေးဆိုင်ရာရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များမှ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရန် အမှာစကားပြောကြားပြီး မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)၊ ငွေစုဘဏ်လုပ်ငန်းနှင့် ဖွံ့ဖြိုးရေးချေးငွေဌာန၊ အထွေထွေမန်နေဂျာ ဒေါ်တင်တင်ရည်က SME နှစ်လတ်ချေးငွေများဆိုင်ရာကိုလည်းကောင်း၊ မြန်မာ့အာမခံလုပ်ငန်း ပဲခူးတိုင်းဒေသကြီး တာဝန်ခံက အာမခံထားရှိခြင်းနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသော SME လုပ်ငန်းရှင်များက သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း SME မှတ်ပုံတင်လက်မှတ်ရ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင် စုစုပေါင်း ၁၁၀၀ ကျော်ရှိပြီး မြန်မာ့စီးပွားရေးဘဏ်မှ နိုင်ငံ၏အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေရန် ရည်ရွယ်ပြီး လုပ်သားအင်အားများစွာဖြင့် လည်ပတ်ဆောင်ရွက်နေသော လုပ်သားအင်အားအခြေပြုလုပ်ငန်းများဖြစ်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ရောင်းဝယ်မှုလုပ်ငန်းများ၊ ပြည်ပပို့ကုန်လုပ်ငန်းများ၊ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ Recyclingနှင့် Energy Saving လုပ်ငန်းများ၊ နည်းပညာအခြေခံထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ စသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းများအဖြစ် သတ်မှတ်ကာ SME လုပ်ငန်းများသို့ သတ်မှတ်ချက်နှင့်ကိုက်ညီပြီး SME လုပ်ငန်းများ၏ အခြေအနေပေါ်မူတည်ကာ အများဆုံး ချေးငွေသိန်း ၃၀၀ အထိ ခွင့်ပြုထုတ်ချေးသွားမည်ဖြစ်သည်။

ထုတ်ချေးငွေများ အနက် ၅၀ ရာခိုင်နှုန်းအား လုပ်ငန်းရှင်များ၏ လှည့်လည်ရင်းနှီးငွေအဖြစ်လည်းကောင်း၊ ကျန် ၅၀ ရာခိုင်နှုန်းကို ပုံသေရင်းနှီးငွေအဖြစ်လည်းကောင်း မြန်မာ့စီးပွားရေးဘဏ် ချေးငွေကော်မတီက ခွင့်ပြုသတ်မှတ် ချေးပေးသွားမည်ဖြစ်ပြီး ချေးငွေသက်တမ်းအနေဖြင့် သုံးနှစ်မှ ငါးနှစ်အထိ SME ချေးငွေများအားလုံး၏ သက်တမ်းသည် နှစ်လတ်သက်တမ်းဖြစ်သဖြင့် ချေးငွေ (Loan) စနစ်ဖြင့်သာ ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ အလတ်စား၊ အသေးစားလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။ **တင်စိုး(ပဲခူး)**



# tajccHynmtxufwefausmif;om;üpmaya[majymyGJusif;y

**မင်္ဂလာတောင်ညွန့် ဇန်နဝါရီ ၁၁**
ကျောင်းသားလူငယ်များ အသိပညာတိုးတက်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် ကိုယ်ရည်ကိုယ်သွေးမြင့်မားရေးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ပညာရေးမှူးရုံးနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပသော စာပေဟောပြောပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် အ-ထ-က(၁) ကျောင်းခန်းမကြီး၌ ကျင်းပသည်။

စာပေဟောပြောပွဲတွင် မြို့နယ်စာရေးဆရာအသင်းဉက္ကဋ္ဌ ဆရာလင်းကိုကိုက 'လူငယ်နှင့်စည်းကမ်း' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဆရာမဆောင်းဟေမန်က 'လူငယ်နှင့် မူးယစ်ဆေးဝါး' ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများနှင့် အပြန်အလှန် ဆွေးနွေးကြသည်။

စာပေဟောပြောပွဲသို့ တာဝန်ခံ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ မင်္ဂလာတောင်ညွန့်မြို့နယ် အ-ထ-က (၅) တွင်လည်း အလားတူစာပေဟောပြောပွဲကို တစ်ပြိုင်နက်ကျင်းပရာ မြို့နယ်စာရေးဆရာအသင်းနာယက ဆရာကြီးတက္ကသိုလ်စိုးယဉ်နှင့် ဆရာကြီးရွှေဆောင်တင်ဆွေတို့က ဟောပြောခဲ့ကြကြောင်း သိရသည်။ **လင်းသီဟ**

# ကျောင်းသား၊ ကျောင်းသူများ သောက်သုံးရေစနစ်တကျသုံးစွဲတတ်စေရန် ဟောပြော

**သဃ်န်းကျွန်း ဇန်နဝါရီ ၁၁**
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေ/သန့်)နှင့် Japan International Cooperation Agency (JICA)တို့ ပူးပေါင်းစီစဉ်မှုဖြင့် အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူလေးများအား နေ့စဉ်ရေသုံးစွဲရာ၌ ရေလေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ရေချွေတာသုံးစွဲရေး၊ ရေ၏တန်ဖိုးသိမှု၊ သောက်သုံးရေစနစ်တကျသုံးစွဲတတ်စေရန် ဟောပြောပွဲများ ပြုလုပ်လျက်ရှိရာ ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်ဘဝမြင့်ရပ်ကွက် အ-မ-က (၁၅) ၌ အသိပညာပေးဟောပြောခဲ့ကြသည်။

"ကျောင်းနေအရွယ် ကလေးငယ်တွေရဲ့ ရင်ထဲကို ရေချွေတာသုံးစွဲဖို့ အသိပညာပေးတာပါ။ သူတို့လေးတွေကနေတစ်ဆင့် မိဘပြည်သူတွေသိရှိစေပြီး ရေလေလွင့်ဆုံးရှုံးမှုတွေ လျော့နည်းအောင် ဆောင်ရွက်ပေးတာပါ၊ ရန်ကုန်မြို့တော်ကို နေ့စဉ်ရေဂါလန်သန်းပေါင်း ၂၀၅ သန်းခန့် ပို့လွှတ်ဖြန့်ဝေပေးပေမယ့်လည်း သောက်သုံးရေလိုအပ်ချက်ရှိနေတာကို မိဘပြည်သူတွေသိရှိပြီး နေ့စဉ်ရေလေလွင့် ဆုံးရှုံးမှုမရှိအောင်ပညာပေးဆောင်ရွက်တာပါ" ဟု လက်ထောက်ဌာနမှူး ဒေါ်သင်းသင်းစိုးက ပြောသည်။

ဟောပြောပွဲသို့ လက်ထောက်ဌာနမှူးနှင့် Ms Shoko Yamada(In Charge of Public Relation (JICA )Technical Team မှ တာဝန်ရှိသူများ၊ အရှေ့ပိုင်းခရိုင်မှ ခရိုင်အရာရှိများ၊ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ၊ မြို့နယ်တာဝန်ခံအရာရှိ ဌာနစုမှူး ဒေါ်မာမာအေးနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဦးနှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဧည့်သည်တော်များ စုစုပေါင်း ၁၇၅ ဦး တက်ရောက်ခဲ့ကြသည်။ **မောင်မောင်**



# လူငယ်နှင့် တရားဥပဒေစိုးမိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ဒေါပုံ ဇန်နဝါရီ ၁၁**
ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းစီစဉ်၍ ပြည်သူ့စကားဝိုင်း (Public Talk) ကို 'လူငယ်နှင့် တရားဥပဒေစိုးမိုးရေး' ခေါင်းစဉ်ဖြင့် ယနေ့ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ အထိ ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် တရားဥပဒေစိုးမိုးရေးနှင့် စပ်လျဉ်းသည်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချိုက ဦးဆောင်ဆွေးနွေးပြီး မြို့နယ်ဥပဒေအရာရှိ ဦးဇော်ခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဒုတိယရဲမှူး ထွန်းထွန်းနိုင်တို့က တရားဥပဒေစိုးမိုးရေး ဥပဒေရေးရာများ၊ ပြည်သူများ အေးချမ်းသာယာပြီး ဘေးကင်းလုံခြုံမှုရှိစေရေးတို့နှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် သိမှတ်ဖွယ်ရာဥပဒေရေးရာ ဗဟုသုတများ နှင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်များကို ဆွေးနွေးခဲ့ကြပြီး လူငယ်များနှင့် ပြည်သူများပါ တရားဥပဒေရေးရာ များနှင့်စပ်လျဉ်း၍ သိရှိထားသင့်သည့် ဥပဒေဗဟုသုတများ အကြောင်းတို့ကို အကျယ်တဝင့် ပညာပေးဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်းနှင့် ပြန်လည်ဖြေကြားခြင်းများ ပြုလုပ်ခဲ့ရာ ဒေါပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်က တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူတို့အေးချမ်းသာယာမှုရှိစေရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိသည်များကို ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ NGO အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း ၈၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ရဲမင်းထွန်း( ပြန်/ဆက်)**

# တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူ

**ရွှေပြည်သာ ဇန်နဝါရီ ၁၁**
ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကောင်ရေစာရင်းများကို ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အထိ ကောက်ယူလျက်ရှိရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရန်ကုန်မြောက်ပိုင်းခရိုင်မှူး ဒေါက်တာဒေါ်မေဝင်းရွှေနှင့်အဖွဲ့သည် ဇန်နဝါရီ ၉ ရက်က ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာ၌ တိရစ္ဆာန်ကောင်ရေစာရင်း ကွင်းဆင်းကောက်ယူလျက်ရှိကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် မှုခင်းလျော့နည်းရေး ပညာပေးဟောပြော



**တိုက်ကြီး ဇန်နဝါရီ ၁၁**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ လင်းယုန် (၁) စီမံချက်ဖြင့် တိုက်ကြီးမြို့ ဗောဓိကုန်းရပ်ကွက် အာဂမ(၁)လမ်း အာဂမဘုန်းတော်ကြီးကျောင်းတိုက်၌ ဇန်နဝါရီ ၁၀ ရက် မွန်းလွဲပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်ထွန်းလတ်၊ မြို့မစခန်းမှူး ရဲအုပ်မျိုးမြင့်တို့က သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မှုခင်းအသိပညာပေးခြင်းနှင့် မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

ဟောပြောပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

# (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲဆီသို့

တင်ထွန်း(အစိုးရတိုင်းရင်းဆေး)

အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ဂုဏ်ဒြပ်တစ်ရပ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးဝါးများ ပိုမိုကောင်းမွန်လာစေရေးစသည့် မွန်မြတ်သည့် ရည်ရွယ်ချက်များနှင့် နှစ်စဉ်မပျက် ကျင်းပလျက်ရှိသော မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး နှစ်စဉ်မပျက်မကွက်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၁၈) ကြိမ်မြောက်ခဲ့ပြီဖြစ်သည်။

(၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်နှီးနှောဖလှယ်ပွဲကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၃ ရက်နေ့အထိကျင်းပသွားမည်ဖြစ်ပါသည်။ (၁၈) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ၏ ရည်ရွယ်ချက်မှာ-

(က) မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေး၊
(ခ) မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊
(ဂ) မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး၊
(ဃ) မြန်မာ့တိုင်းရင်းဆေးဝါးများပိုမိုကောင်းမွန်လာစေရေး၊

မြန်မာ့တိုင်းရင်းဆေးသမားတော်များ နှီးနှောဖလှယ်ပွဲတွင် ဆွေးနွေးကြမည့် ရှေ့ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ-

(က) မြန်မာ့တိုင်းရင်းဆေးပညာ၏ သမားစဉ် ကုထုံးနည်းစနစ်များနှင့် အစွမ်းထက်ဆေးဝါးများကို ရောဂါအလိုက် ရှာဖွေဖော်ထုတ်၍ တိုင်းရင်းဆေးရုံများနှင့် တိုင်းရင်းဆေးကုဌာနများတွင် လက်တွေ့အသုံးချနိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်၊
(ခ) မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းကို နိုင်ငံတကာအဆင့်သို့ မြှင့်တင်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊
(ဂ) မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးပညာပေးခြင်းကို အိမ်ရှင်မများထံရောက်ရှိအောင် ဆောင်ရွက်ပေးရန်၊
(ဃ) နယကြီး (၄)ပါးကိုအခြေခံသည့် မြန်မာ့တိုင်းရင်းဆေးပညာကုထုံးနည်းစနစ်များကို အမျိုးသားရေးအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်၊
(င) ခေတ်အဆက်ဆက် တိုင်းရင်းဆေးပညာ သင်ကြားရေးနည်းစနစ်များကိုဆန်းစစ်သုံးသပ်၍ မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက် ပြန့်ပွားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်၊

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များက မြန်မာ့တိုင်းရင်းဆေး တိုးတက်မြင့်မားရေးကို အထောက်အကူပြုစေမည့် အောက်ဖော်ပြပါ အဆိုပြုချက်များကို တင်သွင်းကြမည်ဖြစ်ပါသည်-

(က) မြန်မာ့တိုင်းရင်းဆေးပညာ၏ သမားစဉ်ကုထုံးနည်းစနစ်များနှင့် အစွမ်းထက်ဆေးဝါးများကို ရောဂါအလိုက် ရှာဖွေဖော်ထုတ်၍ တိုင်းရင်းဆေးရုံများနှင့် တိုင်းရင်းဆေးကုဌာနများတွင် လက်တွေ့အသုံးချနိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်၊
(ခ) မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းကို နိုင်ငံတကာအဆင့်သို့ မြှင့်တင်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊
(ဂ) မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးပညာပေးခြင်းကို အိမ်ရှင်မများထံရောက်ရှိအောင် ဆောင်ရွက်ပေးရန်၊
(ဃ) နယကြီး (၄) ပါးကိုအခြေခံသည့် မြန်မာ့တိုင်းရင်းဆေးပညာကုထုံးနည်းစနစ်များကို အမျိုးသားရေးအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်၊
(င) ခေတ်အဆက်ဆက် တိုင်းရင်းဆေးပညာသင်ကြားရေးနည်းစနစ်များကို ဆန်းစစ်သုံးသပ်၍ မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက် ပြန့်ပွားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်၊

**တိုင်းရင်းဆေးပညာရှင်များမွေးထုတ်**

မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်လာမှုအဆင့်ဆင့်ကို ပြန်ကြည့်မည်ဆိုပါက ၁၉၅၃ ခုနှစ်တွင် တိုင်းရင်းဆေးမြှင့်တင်ရေးရုံးကို ကျန်းမာရေးဦးစီးဌာနအောက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၌ တိုင်းရင်းဆေးပညာဦးစီးဌာနကိုသီးခြားဌာနအဖြစ် ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ၁၉၇၆ ခုနှစ်တွင် တိုင်းရင်းဆေးပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် မန္တလေးတိုင်းရင်းဆေးသိပ္ပံကျောင်းကို ဖွင့်လှစ်ပြီး ဒီပလိုမာအဆင့် ပညာရှင်များမွေးထုတ်ပေးနိုင်ခဲ့ပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာတို့၏ ကျန်းမာကြံ့ခိုင်စေရေးအတွက် စောင့်ရှောက်ပေးသည့်နည်းတူ မျိုးချစ်စိတ်နှင့် ဇာတိမာန်ထက်သန်ခိုင်မာသည့် စိတ်ဓာတ်အားမာန်များပွားများဖြစ်ထွန်းစေခဲ့သည့်အတွက် တိုင်းပြည်ကာကွယ်စောင့်ရှောက်ရေးမှာပါ ရှေ့တန်းမှ စွမ်းဆောင်ပေးနိုင်ခဲ့သဖြင့် အမျိုးသားရေးဂုဏ်ဒြပ်ရှိသည့် ရိုးရာအမွေအနှစ်ပညာတစ်ရပ်ဖြစ်ပေသည်။

> မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာတို့၏ ကျန်းမာကြံ့ခိုင်စေရေးအတွက် စောင့်ရှောက်ပေးသည့်နည်းတူ မျိုးချစ်စိတ်နှင့် ဇာတိမာန် . . .

ခေတ်မီဆေးသိပ္ပံနည်းစနစ်စွမ်းပကားဖြင့် လူသားတို့တွင် ဖြစ်ပေါ်နိုင်သောရောဂါဝေဒနာအမျိုးမျိုးကို ရှာဖွေ၊ သိရှိ၊ ကုစားနိုင်သော အနောက်တိုင်းဆေးပညာရပ်ကိုအားကိုးအားထားပြုကြရသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရ ညီညွတ်မျှတအောင် နေထိုင်ကျင့်ကြံစားသောက်ကြရသည့် သဘော၊ ဥတုဘောဇနသင်္ဂဟကျမ်းလာ ပူခြင်း၊ အေးခြင်းတည်းဟူသော သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေအောင် နေထိုင်စားသောက်ကြရသည့် သဘောတို့ကို လမ်းညွှန်ပြဆိုထားသော မြန်မာ့တိုင်းရင်းဆေးအနှစ်သာရများကလည်း ရောဂါဘယမဖြစ်ပွားဘဲ ကျန်းမာသက်ရှည်ရေးအတွက် မဖောက်ပြန် မှန်ကန်သော အားကိုးထိုက်သည့် ပညာရပ်သဘောတရားများပင်ဖြစ်ပါသည်။

မြန်မာတို့သာမက ကမ္ဘာ့လူမျိုးအသီးသီးတို့သည် သဘာဝဆေးပညာနှင့် သဘာဝအစားအစာ၊ ဆေးဝါးများကို ပိုမိုအားကိုးလာသည်ကို သတိပြုနိုင်ကြပါသည်။ သို့ဖြစ်ပါ၍ သဘာဝဆေးများဖြင့် ဖော်စပ်သော တိုင်းရင်းဆေးဝါးများနှင့်တကွ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ တတ်မြောက်သည့် မြန်မာ့တိုင်းရင်းဆေးပညာ၏ အခန်းကဏ္ဍသည် တစ်စထက်တစ်စပိုမိုကြီးမားကျယ်ပြန့်လာပြီဟုဆိုရမည်ဖြစ်ပါသည်။ 'အာရောဂျပရမံလာဘံ' ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်နှင့်အညီကျန်းမာကြံ့ခိုင်သည့် ပြည်သူတို့ကသာလျှင် နိုင်ငံ့အကျိုးစီးပွားကို ထိရောက်စွာဖော်ဆောင်မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင်လည်း တိုင်းရင်းဆေးပညာ အဆင့်အတန်းမြှင့်တင်ရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူတို့ကို ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်ရေးတို့ကို အမျိုးသားကျန်းမာရေးဆိုင်ရာ မူဝါဒတစ်ရပ်အဖြစ် ထည့်သွင်းသတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် အခြေခံပညာရပ်အမျိုးမျိုး၊ ဆေးကျမ်းအဖုံဖုံ၊ ကုထုံးကုနည်းအသွယ်သွယ်၊ အာနိသင်ထက်မြက်သည့် ဆေးဝါးအရပ်ရပ်တို့နှင့် ပြည့်စုံကုံလုံပြီး ကျယ်ဝန်းနက်ရှိုင်းသိမ်မွေ့နက်နဲလှသည့် ပညာရပ်တစ်ခုဖြစ်သည့်အတွက် စနစ်တကျထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးနိုင်မှသာ မတိမ်းပါးမပျက်ယွင်းဘဲအစွန့်ရှည် တည်တံ့ထွန်းကားပြန့်ပွားနိုင်မည်ဖြစ်ပါသည်။ ထိုကဲ့သို့ ပြည့်စုံကြွယ်ဝလှသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များနှင့် အနှစ်သာရအထွေထွေကို စုစည်းပေါင်းစပ်ပြီး ခေတ်မီနည်းပညာရပ်များနှင့် စံချိန်စံညွှန်းများ ဖော်ထုတ်ကာ ပြီးပြည့်စုံသည့် အမျိုးသားတိုင်းရင်းဆေးပညာရပ်တစ်ခုအဖြစ် မြှင့်တင်ပေးနိုင်ရေးကို ဝိုင်းဝန်းအားထုတ်ကြရန် လိုအပ်ပါသည်။

**တိုင်းရင်းဆေးပညာရပ်များဖော်ထုတ်**

မြန်မာ့တိုင်းရင်းဆေးပညာ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် ထွန်းကားပြန့်ပွားရေးတို့ကို အလေးထားလျက် နိုင်ငံတော်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် တိမ်မြုပ် ပျောက်ကွယ်လုမတတ်ဖြစ်သည့် တိုင်းရင်းဆေးပညာရပ်များဖော်ထုတ်ရန်၊ အစွမ်းထက်သောဆေးဝါးများ၊ ကုထုံးများနှင့် ဆေးဖက်ဝင်အပင်များဖော်ထုတ်ထိန်းသိမ်းရန်၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၏ သမားစဉ်ဂိုဏ်းအလိုက် သုံးစွဲလျက်ရှိကြသည့် အာနိသင်ထက်မြက်သောဆေးဝါးများ၊ တိုင်းရင်းသားလူမျိုးအသီးသီး၏ ဒေသအလိုက်ဆေးပညာရပ်များ၊ ကုထုံးများနှင့် ဆေးဝါးများကိုပြန်လည်ဖော်ထုတ်ရန်စသည့် ရည်ရွယ်ချက်များဖြင့် တိုင်းရင်းဆေးသမားတော်များ ဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲများကိုကျင်းပခဲ့ရာ ၁၉၉၇ ခုနှစ်ဧပြီလ ၂၅ ရက်မှ ၂၇ ရက်အထိ မန္တလေးမြို့၌ တိုင်းရင်းဆေးသမားတော်များဆွေးနွေးပွဲကိုလည်းကောင်း၊ ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ တိုင်းရင်းဆေးပညာဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲကိုလည်းကောင်း၊ ၁၉၉၈ ခုနှစ်ဧပြီလ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် တောင်ကြီးမြို့၌လည်းကောင်း၊ ၁၉၉၉ ခုနှစ် မတ်လ ၂ ရက်နှင့် ၃ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌လည်းကောင်း (ယင်းပုသိမ်မြို့၌ ကျင်းပခဲ့သော ဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲများသို့ စာရေးကိုယ်တိုင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ပါသည်။) တိုင်းရင်းဆေးပညာဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲများ အသီးသီးကျင်းပခဲ့ကြပါသည်။

**အစွန့်ရှည်တည်တံ့ခိုင်မြဲ**

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ရေမြေသဘာဝ၊ ရာသီဥတု၊ မြန်မာ့ရိုးရာအတွေးအခေါ်၊ အယူအဆ၊ မြန်မာ့လူနေမှုစနစ်တို့နှင့် အပြန်အလှန်အကျိုးပြုယှဉ်တွဲဖြစ်ထွန်းလာခဲ့သည့် မြန်မာ့ရိုးရာအမွေအနှစ် ပညာရပ်စစ်စစ်တစ်ရပ်လည်းဖြစ်ပါသည်။ နိုင်ငံတော်အစိုးရမှလည်း မြန်မာ့တိုင်းရင်းဆေးပညာကို ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ်လည်းကောင်း၊ တိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ဆေးပညာရပ်တစ်ခုအဖြစ်လည်းကောင်း အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး နည်းလမ်းတကျ ဆက်လက်တိုးတက်ထွန်းကားလာစေရန် အလေးထား အားပေးစောင့်ရှောက်နေခြင်းဖြစ်ပါသည်။

ယခုကဲ့သို့ အခြေအနေအချိန်အခါကောင်းကို ကောင်းစွာသိမြင်ပြီး မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်၊ တိုင်းရင်းသားပြည်သူများမှ မြန်မာ့တိုင်းရင်းဆေးပညာအပေါ် ပိုမိုယုံကြည်အားထားလာစေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ ရေရှည်တည်တံ့တိုးတက်ထွန်းကားပြန့်ပွားစေရန်၊ နိုင်ငံတကာအဆင့်မီ သိပ္ပံနည်းကျ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ တိကျမှန်ကန်သည့် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများပေါ်ထွန်းလာစေရန်၊ မြန်မာ့တိုင်းရင်းဆေးဆရာအသင်းကြီး ပိုမိုကျစ်လျစ်သိပ်သည်းခိုင်မာလာစေရန်၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုခေတ်မီ အောင်မြင်ဖြစ်ထွန်းပြီး အမှန်တကယ် အကျိုးအာနိသင် ထက်မြက်သည့် ဆေးဝါးများဖော်ထုတ်နိုင်ရန်၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ပိုမိုအရည်အသွေးပြည့်ဝသည့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များမွေးထုတ်ပေးနိုင်ရန်တို့ကို မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးမှတစ်ဆင့် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ လက်တွဲကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

**ထိန်းသိမ်းစောင့်ရှောက်**

မြန်မာပြည်သူတို့သည် မြန်မာ့တိုင်းရင်းဆေးပညာကို အားကိုးအားထားပြုခဲ့ကြ၊ ပြုနေဆဲဖြစ်ပြီး နောင်တွင်လည်းတိုင်းရင်းဆေးအပေါ် မှီခိုအားထားမှုပြုနေကြဦးမည်သာဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာလူမျိုးတို့သည် လူမျိုး၊ ဘာသာ၊ သာသနာတို့ကို ဘိုးဘွားအမွေအနှစ်အဖြစ် ယုံကြည်မြတ်နိုးစွာ လက်ခံကျင့်သုံးတတ်သော အမျိုးအနွယ်များဖြစ်ကြသောကြောင့် ဖြစ်ပါသည်။ မြန်မာတိုင်းရင်းဆေးပညာသည် မိမိတို့အတွက် အရေးပါသောဘိုးဘွားအမွေအနှစ် ဆေးပညာရပ်ဖြစ်ပါသည်။ သို့ပါသောကြောင့် မြန်မာ့တိုင်းရင်းဆေးပညာရပ် ထိန်းသိမ်းစောင့်ရှောက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ညီလာခံကိုယ်စားလှယ်ကြီးများအားလုံးက လက်တွဲပူးပေါင်းဆောင်ကြဉ်းကြပါရန် တိုက်တွန်းအပ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကိုနှစ်စဉ်ကျင်းပခြင်းဖြင့် တိုင်းရင်းဆေး ညီလာခံကြီးမှတစ်ဆင့် တိုင်းရင်းဆေးသမားတော်များအချင်းချင်းအတွေ့အကြုံဖလှယ်ကာ တိုင်းရင်းဆေးစွမ်းကောင်းများ ပိုမိုဖော်ထုတ်လာနိုင်ပြီး တိုင်းရင်းဆေးအသုံးပြုလျက် ပြည်သူ့ကျန်းမာရေးကို ပိုမိုထိရောက်စွာကုသစောင့်ရှောက်မှုများ မြှင့်တင်သွားနိုင်မည်ဖြစ်ပါကြောင်း (၁၈) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များနှီးနှောဖလှယ်ပွဲတို့ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။

# "Goblin" ပြီးနောက် ဒရမ်မာဇာတ်လမ်းတွဲသစ်မှာ ပါဝင်သွားမယ့် လီဒေါင်ဝတ်ခ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်တဲ့ လီဒေါင်ဝတ်ခ်ဟာ ပြီးခဲ့တဲ့ နှစ်အတွင်းမှာ ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ဇာတ်လမ်းတွဲ "Goblin"နဲ့ အာရှတစ်ခွင်မှာ အထူးအားပေးမှုရရှိခဲ့တဲ့ မင်းသားတစ်ဦး ဖြစ်ပါတယ်။ "Goblin"ဇာတ်လမ်းတွဲ ထုတ်လွှင့်မှုအပြီးမှာ ပရိသတ်တွေဆီက ရရှိခဲ့တဲ့ ချစ်ခြင်းတွေ ပျောက်ကွယ်ခဲ့သလိုခံစားခဲ့ရပြီး စိတ်ဓာတ်ကျခြင်းကို ခံစားခဲ့ရကြောင်း ဖွင့်ဟခဲ့ဖူးတဲ့ လီဒေါင်ဝတ်ခ်ဟာ လတ်တလောမှာတော့ ရုပ်သံဇာတ်လမ်းတွဲတစ်ခုမှာ ပါဝင်သရုပ်ဆောင်သွားဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီဒေါင်ဝတ်ခ်ဟာ JTBC က ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲ "Life" မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပြီး ယင်းရုပ်ရှင်မှာတော့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဂျိုဆန်ဝူးနဲ့ တွဲဖက်ပါဝင်သွားမှာဖြစ်ပြီး နှစ်ဦးစလုံးက ပါဝင်သွားမှာဖြစ်ကြောင်း အတည်ပြုခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

"Life"ဟာ ဆေးလောကအကြောင်းကို ရိုက်ကူးပုံဖော်သွားမယ့် ဇာတ်လမ်းတွဲ တစ်ခုဖြစ်ပြီး ယင်းဇာတ်လမ်းတွဲမှာတော့ ခွဲစိတ်ရေးဆိုင်ရာ လုပ်ငန်းတွေမှာ ဖြစ်ပျက်တွေ့ကြုံရတာတွေကို အလေးပေးရိုက်ကူးသွားမှာလည်း ဖြစ်ပါတယ်။ မင်းသား ဂျိုဆန်ဝူးက ယင်းဇာတ်လမ်းတွဲမှာ ဆေးရုံဥက္ကဋ္ဌတစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်ပြီး လီဒေါင်ဝတ်ခ်ကတော့ ဆရာဝန်တစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။





# တစ်ကိုယ်တော်အေဂျင်စီတည်ထောင်သွားမယ့် ဂျန်ဒေါင်ဂန်း

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားကြီးတစ်ဦးဖြစ်တဲ့ ဂျန်ဒေါင်ဂန်းကတော့ သူ့ရဲ့အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်ဖို့ရာ တစ်ကိုယ်တော်အေဂျင်စီ တည်ထောင်လှုပ်ရှားသွားမှာဖြစ်ကြောင်း သိရပါတယ်။ ဒါပေမယ့်သူဟာ အခြားသော ဖျော်ဖြေရေးအေဂျင်စီတွေဖြစ်ကြတဲ့ အက်စ်အမ်နဲ့ စီအန်စီအန်တာတိန်းမန့်တို့နဲ့ ဆက်လက်လက်တွဲသွားမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



ဂျန်ဒေါင်ဂန်းဟာ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်အတွင်း တစ်ကိုယ်တော်အေဂျင်စီ တည်ထောင်လှုပ်ရှားခဲ့တာဖြစ်ပြီး အဲဒီနောက် ၂၀၁၂ ခုနှစ်အတွင်းမှာတော့ အက်စ်အမ်နဲ့ စီအန်စီတို့နဲ့ ဆက်သွယ်ခဲ့ပါတယ်။ ဒါပေမယ့် အဆိုပါအေဂျင်စီတွေနဲ့ စာချုပ်ဟာလည်း လတ်တလောမှာတော့ သက်တမ်းကုန်ခဲ့ပြီဖြစ်ရာ နေရာများစွာက ကမ်းလှမ်းမှုတွေကို ရရှိခဲ့ပေမယ့် ဂျန်ဒေါင်ဂန်းကတော့ သီးသန့်အေဂျင်စီတည်ထောင်ကာ တစ်ယောက်တည်းလှုပ်ရှားလိုတာဖြစ်ပြီး နှစ်ပေါင်းများစွာ လက်တွဲလာတဲ့ မန်နေဂျာနဲ့သာ အနုပညာလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

အဆိုပါသတင်းနဲ့ပတ်သက်ပြီး သူနဲ့လက်တွဲခဲ့ဖူးတဲ့အေဂျင်စီတွေကလည်း ဟုတ်မှန်ကြောင်းအတည်ပြုခဲ့ပြီး စာချုပ်သစ်ထပ်မံချုပ်ဆိုခဲ့ခြင်းမရှိပေမယ့် သူတို့နဲ့ ဂျန်ဒေါင်ဂန်းအကြား အဆက်အသွယ်တော့ ရှိနေဆဲဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

အေးပြည့်
စုစည်းသည်

# တေလာဆွစ်ရဲ့ တေးဗီဒီယိုသစ် စမ်းသပ်ထုတ်လွှင့်



အမေရိကန်ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ဟာ လတ်တလောမှာတော့ သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "End Game"ရဲ့ တေးဗီဒီယိုကို လတ်တလောမှာ စမ်းသပ်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ယင်းတေးသီချင်းမှာတော့ တေလာဆွစ်နဲ့အတူ ဖြူးချားနဲ့ အက်ဒ်ရှီးရန်တို့က အားဖြည့်ပါဝင်သီဆိုထားတာဖြစ်ပါတယ်။

လတ်တလောမှာ အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တေလာဆွစ်က အဆိုပါတေးဗီဒီယိုတစ်ခုလုံးကိုတော့ ဇန်နဝါရီ ၁၁ ရက်မှာ ထုတ်လွှင့်သွားမယ့် ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Good Morning America"မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း ဆိုပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်တွေအတွင်းမှာ တေလာဆွစ်ဟာ "End Game"အတွက် တေးဗီဒီယိုကို ရိုက်ကူးနေကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့ပြီးနောက် လတ်တလောမှာတော့ ယခုလို စမ်းသပ်ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ ယင်းတေးဗီဒီယိုမှာ တေလာဆွစ်နဲ့ ဆက်ဆံရေး မပြေမလည် ဖြစ်ခဲ့သူ ပေ့ါပ်ကြယ်ပွင့် ကတ်တီပယ်ရီ ပါဝင်ထားကြောင်း သတင်းတွေ ထွက်ခဲ့ပေမယ့် လတ်တလောစမ်းသပ်ထုတ်လွှင့်မှုမှာတော့ ကတ်တီပယ်ရီ ပါဝင်ခြင်းမရှိတာကို တွေ့ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



# မြန်မာ-ကိုရီးယား ပေါင်းစပ်ဖန်တီးထားတဲ့ တန်ဖိုး ရုပ်ရှင်ဇာတ်ကားမှ ရိုက်ကူးရေး အတွေ့အကြုံများ ပြောပြသည့် အေးမြတ်သူ

မြန်မာနှင့် ကိုရီးယား ပေါင်းစပ်ဖန်တီးရိုက်ကူးနေသည့် တန်ဖိုးရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် အေးမြတ်သူက မူးယစ်ဆေးဝါးရောင်းဝယ်ရေးလုပ်ပြီး ဝမ်းရေးဖြေရှင်းရာမှ လမ်းမှန်ပေါ်ပြန်ရောက်ခဲ့သူ မိဘမဲ့ မိန်းကလေးတစ်ဦးနေရာက ပါဝင်သရုပ်ဆောင်ထားသည်။

ကိုရီးယားလူမျိုးများနှင့် လက်တွဲရိုက်ကူးခဲ့ရသည့် ဒီဇာတ်ကားနှင့်ပတ်သက်ပြီး အေးမြတ်သူက "အေးမြတ်သူ အရင်ကလည်း နိုင်ငံခြားသားတွေနဲ့ ရိုက်ဖူးပါတယ်၊ ဒါပေမယ့် ကင်မရာတစ်လုံးတည်းနဲ့ ရိုက်တာ ဒါပထမဆုံးအကြိမ်ပါ၊ ကင်မရာတစ်လုံးတည်းနဲ့ ရိုက်တော့ အချိန်က ပိုကြာတယ်၊ တစ်လုံးတည်းက အလင်း အမှောင်ပိုင်းတွေနဲ့ ရုပ်ထွက်တွေကတော့ ကောင်းတယ်၊ အချိန်ပိုပေးရတယ်၊ သူတို့က အသေးစိတ်ကအစ တိတိကျကျလုပ်တော့ ပိုဆိုးတယ်၊ အဲဒီအတွက်လည်း အေးမြတ်သူ အချိန်တွေ တော်တော်ပေးရတယ်၊ ဒီတစ်ကားတည်းကိုပဲ ရက် ၂၀ ကျော်မယ်၊ အခုဆို ရိုက်နေတာ ၁၇ ရက်လောက်ရှိသွားပြီ၊ မပြီးသေးဘူး၊ နေ့တိုင်း နေ့ရော၊ ညရော ရိုက်ကြတာ၊ တစ်နေ့လုံးရိုက်မှ တစ်ဂျူတီကို တစ်ဆင်းန် နှစ်ဆင်းန် လောက်ပဲပြီးတာ၊ ဆင်းန် အားလုံးပေါင်း ၈၀ ကျော်၊ ၉၀ နီးပါးရှိတယ်၊ တစ်ကားလုံးကလည်း outdoor မှာချည်းပဲ ရိုက်ရတယ်"ဟု ဆိုသည်။

ဒ့ါအပြင် အေးမြတ်သူက "ဒီကားတစ်ကားကိုပဲ ဒီရက်ထဲမှာ အချိန်ပေးထားဖြစ်တယ်၊ သူတို့ကလည်း ကြိုပြောထားတဲ့အတွက် အခြားအလုပ်တွေလည်း လက်မခံထားဘူး၊ ဒါကိုပဲ အချိန်အပြည့်အဝပေးပြီး ရိုက်ဖြစ်တယ်၊ ကိုယ်တိုင်လည်း အဲဒီလိုပဲ ရိုက်ချင်တယ်၊ ကိုယ့်ရဲ့စိတ်ကလည်း ဒီမှာပဲရှိတော့ မပူရဘူး၊ တစ်ခါတလေကျရင် အခြားအလုပ်တွေ လက်ခံထားတဲ့အတွက် ပြေးလုပ်ရတဲ့အခါမျိုးတွေဆိုရင် စိတ်ပူရတယ်၊ အလုပ်ထဲမှာ စိတ်က အပြည့်အဝ မစိုက်နိုင်တော့ ဟိုဘက်လည်း တောင်းပန်ရ၊ ဒီဘက်ကိုလည်း အားနာရဖြစ်ရတယ်၊ အမှန်တော့ အလုပ်တစ်ခုတည်းပဲ သေချာလုပ်တာကတော့ အကောင်းဆုံးပဲ၊ ဘာသာစကားပိုင်းမှာလည်း အခက်အခဲသိပ်မရှိပါဘူး၊ အကုန်လုံးက Broken English နဲ့ ပြောကြတယ်၊ လက်ဟန်၊ ခြေဟန်တွေနဲ့ ပြောကြတယ်၊ အလုပ်လုပ်ရတာ အလွန်ကောင်းတယ်၊ စည်းစည်းလုံးလုံးရှိကြတယ်၊ မြန်မာဘက်က စက်အဖွဲ့တွေလည်း ပညာရကြပါတယ်၊ ကင်မရာအယူအဆ၊ အလင်းအမှောင် အယူအဆပိုင်းတွေမှာ အမြင်တော့ ပိုဆန်းတယ်၊ မတူညီတဲ့ အယူအဆတွေ၊ ပညာတွေရတဲ့အတွက် ကောင်းပါတယ်၊ ဒီဇာတ်ကားမှာ ပါဝင်ကြတဲ့သရုပ်ဆောင်တွေကလည်း ဝါရင့်သရုပ်ဆောင်တွေ အများကြီးနဲ့ဆိုတော့ ပရိသတ်ကြိုက်မယ့် ဇာတ်ကားဆိုတာသေချာတယ်၊ သူတို့လည်း ၂၀၁၈ နှစ်ကုန်လောက် ရုံတင်လို့ရအောင် ကြိုးစားမယ်ဆိုတော့ သိပ်လည်းမစောင့်ရဘူး၊ ဇာတ်ကားတစ်ကားလုံးကလည်း ပြီးစလွယ်လုပ်ထားတာတစ်ခုမှမရှိတဲ့အတွက် ရုံတင်မယ့်အချိန်မှာလည်း ဒီဇာတ်ကားက အရည်အသွေးကောင်းကောင်းနဲ့ ထွက်လာမယ့်ဇာတ်ကားပါ၊ ပရိသတ်တွေအတွက် စိတ်ကျေနပ်မှုရမယ့် ဇာတ်ကားတစ်ကားလို့ အေးမြတ်သူ အာမခံပါတယ်"ဟု တန်ဖိုးရုပ်ရှင်ဇာတ်ကားနဲ့ပတ်သက်ပြီး အေးမြတ်သူက ပြောပြခဲ့ခြင်း ဖြစ်သည်။

ရိုက်ကူးရေးကာလ သီတင်းပတ်သုံးပတ်နီးပါးရှိနေပြီဖြစ်သည့် ယင်းဇာတ်ကားကို ခါကာဘိုရာဇီရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ John La Raw မှ ရိုက်ကူးခြင်းဖြစ်ပြီး သရုပ်ဆောင်များအဖြစ် ရန်အောင်၊ ဇင်ဝိုင်း၊ ထွန်းထွန်း၊ မို့မို့မြင့်အောင်၊ ခင်ဇာခြည်ကျော်၊ အေးမြတ်သူနှင့် အခြားအနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။ **ငွေးမမ**

ကြေးမုံ



## ရှေးဟောင်းစေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံရန် တူးဖော်ရာမှ ဗုဒ္ဓရုပ်ပွားတော်၊ ကြေးဟင်္သာရုပ်နှင့် ကြေးဖလားတို့အား တူးဖော်တွေ့ရှိ

**မိုးကောင်း ဇန်နဝါရီ ၁၁**
ကချင်ပြည်နယ် မိုးကောင်းမြို့ရှိ မန်ရွက်ကျေးရွာအုပ်စု မြို့ဟောင်းကျေးရွာတောင်ဘက်ရှိ ရှေးဟောင်းစေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံရန် ဇန်နဝါရီ ၁၀ ရက်က ဆရာတော်နှင့် ဗုဒ္ဓဘာသာဝင် ပြည်သူများကတူးဖော်ရာ ကြေးဆင်းတုတော်၊ ကျောက်ဆင်းတုတော် ဗုဒ္ဓရုပ်ပွားတော်များနှင့် ကြေးဟင်္သာရုပ်၊ ကြေးဖလားတို့အားတူးဖော် တွေ့ရှိခဲ့သည်။



မိုးကောင်းမြို့ မန်ရွက်ကျေးရွာအုပ်စု မြို့ဟောင်းကျေးရွာ တောင်ဘက် နှစ်ဖာလုံခန့် အကွာအဝေးရှိ ရှေးဟောင်း စေတီတော်ကြီး တစ်ဆူအား မန်ရွက်ကျေးရွာ ပရိယတ္တိဝိဟာရ ဘုန်းတော်ကြီးကျောင်းမှ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဓမ္မဦးဆောင်ကာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်သောင်းနှင့် ကျေးရွာနေပြည်သူများက စေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံရန် တူးဖော်ရှင်းလင်းစဉ် ရှေးဟောင်းစေတီအတွင်းမှ ဉာဏ်တော်(၇)လက်မခန့်ရှိ ကျောက်ဆင်းတု ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူ၊ ဉာဏ်တော် ခြောက်လက်မ၊ ဉာဏ်တော် ငါးလက်မ၊ ဉာဏ်တော်လေးလက်မနှင့် ဉာဏ်တော်သုံးလက်မရှိ ကြေးဆင်းတု ဗုဒ္ဓရုပ်ပွားတော်တစ်ဆူစီနှင့် ကြေးဆင်းတုတော်၏ ဗုဒ္ဓဦးခေါင်းပိုင်း တစ်ခု၊ အမြင့် သုံးလက်မရှိ ကြေးဟင်္သာရုပ် သုံးရုပ်နှင့် ကြေးဖလားတစ်လုံးတို့အား ရှာဖွေတွေ့ရှိခဲ့သည်။

ထိုသို့ ရှေးဟောင်းစေတီတော်မှ ပေါ်ထွက်လာသည့် ဗုဒ္ဓရုပ်ပွားတော် ဆင်းတုတော်များနှင့် ကြေးဟင်္သာရုပ်၊ ကြေးဖလား တို့အား ဗုဒ္ဓဘာသာဝင် ပြည်သူများ ကြည်ညိုသဒ္ဓါ ပွားများနိုင်ရန် ပရိယတ္တိဝိဟာရ ဘုန်းတော်ကြီးကျောင်း၌ အပူဇော်ခံ ထားရှိပြီး စေတီတော် ပြန်လည်ပြုပြင်ရာ၌ ဌာပနာထည့်သွင်းပူဇော်သွားမည်ဖြစ်ကြောင်းမန်ရွက်ကျေးရွာ ပရိယတ္တိဝိဟာရ ဘုန်းတော်ကြီးကျောင်းမှ ပဓာနနာယကဆရာတော်ဘဒ္ဒန္တသုဓမ္မထံမှ သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## ညောင်လေးပင်မြို့အ-ထ-က(၁)ကျောင်း၌ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုဖွင့်ပွဲကျင်းပ

**ညောင်လေးပင် ဇန်နဝါရီ ၁၁**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းအတွင်းထားရှိသော ဗိုလ်ချုပ်ရုပ်တုဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှေ့၌ကျင်းပခဲ့သည်။

ဗိုလ်ချုပ်ရုပ်တု ဖွင့်ပွဲဆိုင်းဘုတ်အား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အလုပ်အမှုဆောင် ဦးခင်မောင်လွင်၊ အ-ထ-က(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးကြူ၊ ဗိုလ်ချုပ်အောင်ဆန်းရုပ်တု အလှူရှင် ဦးအောင်ကျော်ထွန်း၊ အောက်ခံစင်မြင့်အလှူရှင် ဦးကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ရုပ်တုကမ္ပည်းမော်ကွန်အား အလှူရှင်ဦးအောင်ကျော်ထွန်းက ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ဗိုလ်ချုပ်အောင်ဆန်း ဘဝအကြောင်းနှင့် အလှူရှင်နှစ်ဦးက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**





## ရေဘေးကြိုတင်ကာကွယ်ရေး သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

**မိုးကောင်း ဇန်နဝါရီ ၁၁**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ကချင်ပြည်နယ်ရုံးနှင့် မိုးကောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် ရေဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲပိုင်းက နန့်ရင်းရပ်ကွက်နှင့် နန့်ကောင်းချောင်းတို့၌ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အမှန်တကယ် ဘေးဖြစ်လာခဲ့လျှင် အဆိုပါ သဏ္ဍာန်တူလေ့ကျင့်ခြင်းအားဖြင့် လိုအပ်သောကြိုတင်ပြင်ဆင်မှုများကို အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများက လူထုအတွက် စုပေါင်းညီညာစွာဖြင့် မြို့ရွာများရှိ သဘာဝဘေးအရင်းအမြစ်များကို ဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေးနှင့် ပတ်သက်၍ ပြည်သူများဆောင်ရန်၊ ရှောင်ရန်သိရှိစေပြီး ရေကြီးလျှင်မည်သို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရမည်ကို သိရှိစေလိုကြောင်းကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်လှကေသီက ပြောကြားသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ရာတွင် ရေဘေးအန္တရာယ်ရင်ဆိုင်ခဲ့ရပါက ကယ်ဆယ်ရေးလုပ်ငန်းများ၊ နေရာချထား ရေးလုပ်ငန်းများကို ပြုလုပ်ကြပြီး ရေဘေးနှင့် ပတ်သက်သည့် ပိုစတာ၊ ဗီနိုင်းနှင့် လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်ဦး (ပြန်/ဆက်)**

## မြစ်ကြီးနားမြို့ ရေဥဒီးပန်းခြံ သိန်းနှစ်ရာကုန်ကျခံ၍ပြုပြင်

**မြစ်ကြီးနား ဇန်နဝါရီ ၁၁**
မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဘတ်ဂျက်ဖြင့် မြစ်ကြီးနားမြို့ ရေဥရပ်ကွက်အတွင်းရှိ ရေဥဒီးပန်းခြံကို သိန်း ၂၀၀ ခန့် အကုန်အကျခံကာ ပြုလုပ်နေပြီဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးမှ သိရသည်။

အဆိုပါပန်းခြံကို ပြည်သူများ အဆင်ပြေပြေ နားနေစေရန်နှင့် မြို့သန့်ရှင်းသာယာလှပစေရန် ပြုလုပ်ပေးခြင်းဖြစ်ပြီး ဝင်ကြေးအခမဲ့နှင့် ယာဉ်အပ်ခသာပေးရမည်ဖြစ်ကြောင်း သိရသည်။

"အားကစားလုပ်လို့ရအောင် အားကစားပစ္စည်း ၁၀ မျိုးကျော်လောက်ကို မြစ်ဆိပ်ဘေးကမ်းနား လျှောက်လမ်းတွေ နားမှာလုပ်ပေးထားတယ်၊ အမိုးပါတဲ့ နားနေဆောင်နဲ့ ခုံတန်းလျားတွေ၊ ညမှာတော့ မီးပန်းအလှဆင်တာတွေလည်းပါတယ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ ဘတ်ဂျက်နဲ့ ဒီဇင်ဘာလယ်လောက်ကစပြီး ဒီစီမံကိန်းကို စလုပ်တာ ဘယ်တော့ပြီးမလဲဆိုတာတော့ မပြောတတ်သေးဘူး" ဟု မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ပြောသည်။

အဆိုပါ ရေဥဒီးပန်းခြံအတွင်းတွင် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးမှ မြေငှားရမ်းခယူပြီး ပုဂ္ဂလိကပိုင်ကျန်းမာရေး အားကစားခန်းမ (gym) တစ်ခုကို ဖွင့်လှစ်သွားရန်လည်းရှိကြောင်း သိရသည်။

ရေဥဒီးပန်းခြံကို သုည ဒသမ ၈ ဧကအကျယ်အဝန်းတွင် ဆောက်လုပ်ထားသည်။ မင်းရပ် ရပ်ကွက်အတွင်းရှိ ကိုယ်ကာယ လေ့ကျင့်ရေး ပြည်သူ့အားကစားကွင်းကိုလည်း ၁ ဒသမ ၁၄ ဧကအကျယ်အဝန်းအတွင်းတွင် ဆောက်လုပ်ထားပြီး မြစ်ကြီးနားမြို့၌ မြို့သစ်ရပ်ကွက်အတွင်းတွင် စိမ်းမြရေပန်းခြံနှင့် မင်းရပ်ရပ်ကွက်တွင် ရေဥဒီးပန်းခြံ နှစ်ခုရှိသည်။

**မင်းမင်းဦး**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ဦးစားပေးအဆင့်လုပ်ငန်း ရွေးချယ်

**ပေါက်ခေါင်း ဇန်နဝါရီ ၁၁**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တောင်လည်အုပ်စု အိုးတင်းကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး ( VDP - Village Development Programme) အမှတ်ပေးခြင်းနှင့် ဦးစားပေးလုပ်ငန်းအဆင့် သတ်မှတ်ခြင်းတို့အား ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက အိုးတင်းကုန်းကျေးရွာ၌ ပြုလုပ်ခဲ့သည်။

